ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ သောကြာနေ့ (9-9-2011) (၆၇၇)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေး ကော်မရှင်ဥက္ကဋ္ဌထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　စက်တင်ဘာ　　၉

စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးကော်မရှင် ဥက္ကဋ္ဌ မစ္စတာ ကင်ဂျုံအီး ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော် သဘာပတိအဖွဲ့ဥက္ကဋ္ဌထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　စက်တင်ဘာ　　၉

စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော် သဘာပတိအဖွဲ့ဥက္ကဋ္ဌ မစ္စတာ ကင်ယုံနမ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　စက်တင်ဘာ　　၉

စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ချိုရောင်ရင် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိ

သွက်လက်ထက်မြက်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းလာအောင် ဆက်လက်ဆောင်ရွက်

နေပြည်တော်　　စက်တင်ဘာ　　၈

ရှမ်းပြည်နယ် ပင်းတယမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီတွင် ပင်းတယမြို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှုမောင်၊ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦး ပင်းတယမြို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယနေ့ ကြေးမုံ The Mirror သတင်းအညွှန်း

မြန်မာနှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံပင်လယ်နယ်နိမိတ် သတ်မှတ်ရေးအတွက် ပင်လယ်ဥပဒေဆိုင်ရာ အပြည်ပြည်ဆိုင်ရာ တရားရုံး၌ အမှုကြားနာစစ်ဆေးမှုများ စတင်ပြုလုပ်ရန်ရှိ

(သတင်း) စာမျက်နှာ ၁၀

ဘဏ်အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်

စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လိုသူ လုပ်ငန်းရှင်များ ယခင်ကထက် အတိုးနှုန်းသက်သာစွာဖြင့် ချေးယူနိုင်မည်

(သတင်း) စာမျက်နှာ ၁၀

ကြေးမုံ The Mirror
၉-၉-၂၀၁၁ (သောကြာနေ့)

ငြိမ်းချမ်းသာယာဖွံ့ဖြိုးအောင် ဝိုင်းဝန်းဖော်ဆောင်

ခေတ်သစ် စနစ်သစ် နိုင်ငံတော်သစ်ကို အရှိန်အဟုန်ဖြင့် တည်ဆောက်နေပြီ။ စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန်ရရှိရေး နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးပမ်းလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း ဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရှေးရှုအားထုတ်နေကြပြီဖြစ်သည်။

ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဖန်တီးစီမံရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကလိုအပ်ချက်ဖြစ်သည်။ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီး စည်းလုံးညီညွတ်မှုရှိရေးသည် ပို၍အရေးပါသည်။ အစိုးရအဆက်ဆက်တို့ ရယူတည်ဆောက်ထားသည့် စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲစေရေး အလေးထားကြရမည်ဖြစ်သည်။

တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု၊ ချစ်ခင်မှု၊ ရင်းနှီးမှုများဖြင့် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ဖော်ဆောင်ကြရပေမည်။ ဒေသဖွံ့ဖြိုးရေးမှသည် နိုင်ငံဖွံ့ဖြိုးရေးအထိ တစိုက်မတ်မတ် အားထုတ်ကြရပေမည်။ ဒေသနေ တိုင်းရင်းသားပြည်သူများအနေဖြင့် အေးချမ်းတည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးရေး ရလဒ်များကို တွေ့ထိခံစားရမှုနှင့်အတူ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အေးချမ်းစွာ ဆောင်ရွက်လာနိုင်ကြပြီဖြစ်သည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စသည်တို့တွင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနိုင်သည့် ရေ၊ မြေ သယံဇာတများရှိသည်။ စိုက်ပျိုးရေးတိုးချဲ့နိုင်သည့် မြေလွတ်မြေလပ်များလည်း ရှိသေးသည်။ စပါး၊ မြေပဲ၊ ပဲစင်းငုံ၊ အစေ့ထုတ်ပြောင်း၊ ကော်ဖီ၊ ထောပတ်၊ လက်ဖက်စသည့် သီးနှံများ အဓိကစိုက်ပျိုးဖြစ်ထွန်းမှုရှိသည်။ သီးနှံ မျိုးကောင်းမျိုးသန့်၊ ဓာတ်မြေဩဇာနှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းများ သုံးစွဲခြင်းဖြင့် သီးနှံအထွက်တိုးရေး ကြိုးပမ်းကြရပေမည်။

အဆိုပါဒေသများတွင် လူဦးရေအများစုမှာ ကျေးလက်နေပြည်သူများဖြစ်ကြသည်။ နိုင်ငံတော်က အကောင်အထည်ဖော်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စနစ်တကျအောင်မြင်ဖြစ်ထွန်းရေး တာဝန်ရှိသူအဆင့်ဆင့်တို့က စိတ်ရောကိုယ်ပါ အားပေးကူညီကြရန် လိုအပ်မည်ဖြစ်သည်။ မြေလွတ် မြေလပ် မြေရိုင်းများ တိုးချဲ့ဖော်ထုတ်၍ မျိုးကောင်းမျိုးသန့် သီးနှံများ အစားထိုးစိုက်ပျိုး တီထွင်ကြံဆ ကြိုးစားကြခြင်းဖြင့် စိုက်ပျိုးရေးအခြေပြု စီးပွားဖြစ်ထွန်းမှုများ ရရှိလာနိုင်မည်ဖြစ်သည်။

နိုင်ငံတော်က တည်ငြိမ်အေးချမ်းရေးကို အလေးထားသည်။ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းမှုရှိသည်နှင့်အမျှ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများအားလုံးက မိမိတို့ရရှိနေသည့် ငြိမ်းချမ်းမှုအခြေအနေများ ထာဝစဉ်တည်တံ့နေစေရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်အား ထိုင်းနိုင်ငံ အခြေခံဥပဒေရေးရာဆိုင်ရာ အထက်လွှတ်တော် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၈

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်အား ထိုင်းနိုင်ငံ အခြေခံဥပဒေရေးရာဆိုင်ရာ အထက်လွှတ်တော် အမြဲတမ်းကော်မတီဥက္ကဋ္ဌ Mr. Jittipot Viriyaroj နှင့် အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့်အတူ ဒုတိယနာယက ဦးမြညိမ်းနှင့် ပါတီပေါင်းစုံမှ တိုင်းရင်းသားပေါင်းစုံပါဝင်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ အခြေခံဥပဒေရေးရာဆိုင်ရာ အထက်လွှတ်တော် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကက ဥပဒေရေးဆွဲမှု လုပ်ထုံးလုပ်နည်းများ၊ ပြည်ထောင်စုလွှတ်တော်ကျင်းပမှု၊ လွှတ်တော်ကိုယ်စားလှယ်ဦးရေနှင့် ကိုယ်စားလှယ်ရွေးချယ်ပုံ၊ လွှတ်တော်များတွင် အမြဲတမ်း ကော်မတီများနှင့် ad-hoc ကော်မတီများ ဖွဲ့စည်းထားမှု၊ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှု၊ နိုင်ငံတော်တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာသုံးရပ်အား ခွဲဝေဆောင်ရွက်မှုတို့ကို ရှင်းလင်းပြောကြားပြီး ထိုင်းနိုင်ငံ အခြေခံဥပဒေရေးရာဆိုင်ရာ အထက်လွှတ်တော် အမြဲတမ်းကော်မတီဥက္ကဋ္ဌက ထိုင်းနိုင်ငံ လွှတ်တော်ဆိုင်ရာများနှင့် နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံအချင်းချင်း ဆက်ဆံမှု ပိုမိုတိုးမြှင့်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်အား ထိုင်းနိုင်ငံ အခြေခံဥပဒေရေးရာဆိုင်ရာ အထက်လွှတ်တော် အမြဲတမ်းကော်မတီဥက္ကဋ္ဌ Mr. Jittipot Viriyaroj အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၉-၉-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၅ ၁။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ ပညာပေးဇာတ်လမ်း
- ၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၃ ၂။ အဖွင့်သီချင်း
- ၄း၀၅ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၀ ၄။ မဟာဂီတချိုကြည်မြ
- ၄း၂၀ ၅။ မြန်မာစာ၊ မြန်မာစကား (အပိုင်း-၈)
- ၄း၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၇။ ပညာပေးဇာတ်လမ်း
- ၄း၄၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၀ ၉။ အိုင်စီတီသုတ
- ၅း၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၁။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ (အပိုင်း-၂၇)
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၄။ "ရွာ"ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၁၄) **-ပြိုင်ပွဲအမှတ်စဉ်(၁) -အိုင်းလောင်၊ ပန်းသော်တာနှင့် သရုပ်ဆောင်များ**
- ၆း၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၄၇)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဒို့တာဝန်အရေး(၃)ပါး
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၂၃။ စိုက်ပျိုးသုတ
- ၂၄။ သံစဉ်များနှင့်ကမ္ဘာ
- ၂၅။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၇။ FIFA BEACH SOCCER WORLD CUP RAVENNA 2011 (1C Vs 2D) (NDD)
- ၂၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ အပိုင်း(၅၀)**
- ၂၉။ ကမ္ဘာတစ်ခွင်ခရီးစဉ်
- ၃၀။ FIFA BEACH SOCCER WORLD CUP RAVENNA 2011 -(1D Vs 2C) (NDD)

သွေးလှူဒါန်းမည်

ရန်ကုန် စက်တင်ဘာ ၈

စမ်းချောင်းမြို့နယ် အရှေ့ဥယျာဉ်တိုက် မနောရမ္မပညာဒါနကျောင်း၌ ဆရာတော်ဦးဆောင်၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ စက်တင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် (၁၀)ကြိမ်မြောက် သွေးလှူဒါန်းမည်ဖြစ်ရာ လှူဒါန်းလိုသော အလှူရှင်များနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မနောရမ္မပညာဒါနကျောင်း ဖုန်း-၅၁၈၀၂၄၊ ၅၃၇၀၂၆ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၈

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)က ကြီးမှူး၍ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးမော်သန်းက Basic Financial Instruments Part III ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အလုပ်ရုံဆွေးနွေးပွဲကို အသင်းတိုက်တည်ရှိရာ အမှတ်(၃၇/၄၁) လမ်း ၅၀ (အောက်) ဗိုလ်တထောင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ပြီး ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် အသေးစိတ်သိရှိလိုပါက ရုံးဖုန်း-၂၉၁၆၆၇ နှင့် ၉-၇၃၀၈၀၂၆၉၊ ၀၉-၅၄၀၇၅၅၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

စာပေမြင့်မှ လူမျိုးတင့်မည်

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၈-၉-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၀၁၀၀	၀. ၀၃၃၃၂
တရုတ် (ယွမ်)	၆. ၃၈၄၈၀	၀. ၁၅၆၆၂
အိန္ဒိယ (ရူပီး)	၄၆. ၁၃၀၀	၀. ၀၂၁၆၈
မလေးရှား (ရင်းဂစ်)	၂. ၉၉၂၅၀	၀. ၃၃၄၁၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၁၂၀၁	၀. ၈၂၅၀၈
ဂျပန် (ယန်း)	၇၇. ၃၂၄၁	၀. ၀၁၂၉၃
တောင်ကိုရီးယား(ဝမ်)	၁၀၇၅. ၂၇	၀. ၀၀၀၉၃
ယူရို	၀. ၇၁၅၉	၁. ၃၉၇၄၄
ဗြိတိသျှ (ပေါင်)	၀. ၆၂၄၈၃	၁. ၆၀၀၄၃

အင်တာနက်။

စစ်တောင်းနှင့် ဝေါန်မြစ်ရေ အခြေအနေ

နေပြည်တော် စက်တင်ဘာ ၈

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၁၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၉ စင်တီမီတာ (၁ ဒသမ ၆ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၅၀ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၈၀ စင်တီမီတာ (၂ ဒသမ ၆ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဝေါန်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၅၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၆ စင်တီမီတာ (သုည ဒသမ ၉ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၈

ယုဇနပလာဇာ ဂေါက်သီးရိုက်အသင်း (YPGG) ရန်ကုန်၏ (၄၂)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက် (တနင်္လာနေ့) နံနက် ၆ နာရီတွင် ရန်ကုန် မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)တွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းသားတိုင်း ပါဝင်နိုင်ရန်နှင့် အသေးစိတ်သိလိုပါက ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈ နှင့် ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

(ကြေးမုံ)

ထူးကဲဒီရေတက်မည် သတိပေးချက်ထုတ်ပြန်

ရန်ကုန် စက်တင်ဘာ ၈

၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁ ပေခန့်မှ ၂၀ ဒသမ ၃ ပေခန့်အထိ ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း၊ ယခင်၂၀၀၉-၂၀၁၀ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၈ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က သတိပေးချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ၂၀၁၁ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

❑ ၂၀၁၁ ခုနှစ်မှ

ကမ္ဘာ့စာမတတ်မြောက်မှုအခြေအနေကို လေ့လာကြည့်လျှင် တစ်ကမ္ဘာလုံး၌ သက်ကြီးစာမတတ်သူပေါင်း ၇၉၆ သန်းခန့်ရှိနေပြီး အများစုဖြစ်သည့် သုံးပုံနှစ်ပုံကျော်မှာ အမျိုးသမီးငယ်များနှင့် သက်ကြီးအမျိုးသမီးများ ဖြစ်ကြကြောင်း၊ ကမ္ဘာ့လူဦးရေ၏ သက်ကြီး ခြောက်ဦးတွင် တစ်ဦးသည်စာလုံးဝမတတ်သူဖြစ်ကြောင်း။

ထို့ပြင် မူလတန်းအရွယ်ကလေးငယ် ၆၇ သန်းသည် ကျောင်းနေခွင့်မရကြသကဲ့သို့ ဆယ်ကျော်သက် အရွယ် ၇၂ သန်းသည်လည်း ပညာသင်ယူခွင့်များ ဆုံးရှုံးနေကြကြောင်း။

ထို့ကြောင့် ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ၌ ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်အမှတ် (၅၆/၁၁၆)အရ ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဆယ်စုနှစ်ကို ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ် (The United Nations Literacy Decade) အဖြစ် တညီတညွတ်တည်းဆုံးဖြတ်သတ်မှတ်ပြီး လူတိုင်း စာတတ်မြောက်လာစေရေး လုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ဘုန်းတော်ကြီးကျောင်း ပညာရေး၏ အကျိုးကျေးဇူးကြောင့် ရှေးမြန်မာမင်းများလက်ထက်က စာတတ်မြောက်မှုနှုန်း ၈၅ ရာခိုင်နှုန်းအထိ မြင့်မားခဲ့သော မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက်ကျရောက်စဉ် ကိုလိုနီပညာရေးစနစ်ကြောင့် စာတတ်မြောက်မှုနှုန်း ၃၅ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ကြောင်း။

ထို့ကြောင့် လွတ်လပ်ရေးရသည့် အချိန်မှစပြီး အစိုးရအဆက်ဆက်က စာတတ်မြောက်ရေးကြိုးပမ်းမှုကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး အကောင်အထည် ဖော်ခဲ့ကြကြောင်း၊ ၁၉၄၈ ခုနှစ် နိုဝင်ဘာလတွင် လူထုပညာရေးအက်ဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးသည့်နောက် ၁၉၄၉ ခုနှစ် မတ်လမှစပြီး လူထုပညာရေးသင်တန်းနှင့် အသုံးလုံးကျေသင်တန်းများ ဖွင့်လှစ်ပို့ချခဲ့သည့်အတွက် ၁၉၆၃ ခုနှစ်တွင် စာတတ်မြောက်မှုနှုန်းသည် ၅၇ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ကြောင်း၊ အသုံးလုံးကျေဆိုသည်မှာ အရေး၊ အဖတ်၊ အတွက် တတ်မြောက်ခြင်းပင်ဖြစ်ကြောင်း။

စာတတ်မြောက်မှု အရှိန်အဟုန်မြင့်မားစေရန်အတွက် ၁၉၆၄ ခုနှစ်က မိတ္ထီလာခရိုင်တွင် အသုံးလုံးကျေစာတတ်မြောက်ရေးလှုပ်ရှားမှုကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ပထမဦးဆုံးစတင်ခဲ့ပြီး မြန်မာနိုင်ငံ စာတတ်မြောက်ရေးဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် ဆက်လက်ဆောင်ရွက်စေခဲ့ကြောင်း။

၁၉၆၉ ခုနှစ်မှ ၁၉၈၃ ခုနှစ်အတွင်း မန္တလေး၊ ရန်ကုန်၊ မကွေး၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးများနှင့် မွန်ပြည်နယ်တို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်လုံးကျွတ်စာတတ်မြောက်ရေးလှုပ်ရှားမှုများကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ၁၉၇၁ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်များတွင် ယူနက်စကိုဗဟိုအဖွဲ့ချုပ်က ချီးမြှင့်ဂုဏ်ပြုသော 'မိုဟာမက်ရီဇာပါလာဗီဆု' နှင့် 'နိုမာဆု'များအသီးသီး ရရှိခဲ့ကြောင်း။

ယနေ့နိုင်ငံ၏ ပညာရေးကဏ္ဍ တိုးတက်မှုများကိုကြည့်လျှင် ကျောင်းပညာရေးတွင်ရော ကျောင်းပြင်ပပညာရေးတွင်ပါ ဟန်ချက်ညီညီ တိုးတက်ပြောင်းလဲနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ပညာသင်ယူမှုကို စာသင်ခန်းထဲမှာပင် ကန့်သတ်တုပ်နှောင်ထားခြင်းမျိုး မဖြစ်စေဘဲ မိမိပတ်ဝန်းကျင်၊ မိမိဒေသ၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပါ တစ်သားတည်း ဆက်စပ်ဖြစ်ထွန်းနေစေရန်အတွက် သင်ကြားသင်ယူပေးနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

ကျောင်းပညာရေး (Formal Education) အနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းနေမြဲစေရေးကို ရည်မှန်းချက်တစ်ရပ်အနေဖြင့် ချမှတ်ပြီး အမျိုးသားရေးလူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးဆောင်ရွက်ခဲ့သည့်အတွက် (၅)နှစ်ပြည့်ပြီးကလေးများ၏ ကျောင်းဝင်နှုန်းသည် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ယခုနှစ်တွင် ၉၈ ဒသမ ၄၇ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း။

ကျောင်းနေအရွယ် ကလေးတိုင်း မူလတန်းပညာသင်ကြားနိုင်ပြီး အလယ်တန်း၊ အထက်တန်းပညာများ ဆက်လက်သင်ယူနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်း မူလတန်းကျောင်း ၂၈၉၄၃ ကျောင်း၊ မူလတန်းလွန်ကျောင်း ၆၇၆၇ ကျောင်း၊ အလယ်တန်းကျောင်း ၃၁၆၇ ကျောင်း၊ အထက်တန်းကျောင်း ၂၃၉၅ ကျောင်း စုစုပေါင်း ကျောင်းပေါင်း ၄၁၂၇၂ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း။

ထို့ပြင် လုပ်ငန်းခွင်ပြောင်းရွှေ့လုပ်ကိုင်နေကြရသည့် မိသားစုဝင်များ၏ ကလေးငယ်များအတွက် ရွှေ့လျားကျောင်း (Mobile School)များ ဖွင့်လှစ်သင်ကြားပေးနေသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေခဲ့ကြရသည့် ကလေးများ၊ ကျောင်းထွက်စောခဲ့ကြသည့်ကလေးများအတွက် ကျောင်းပညာဆက်လက် သင်ယူနိုင်စေရန်အတွက် ကျောင်းပြင်ပမူလတန်းပညာရေး (Non-Formal Primary Education-NFPE)အစီအစဉ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျောင်းမတက်နိုင်သည့် မသန်စွမ်းကလေးများအတွက် ပုံမှန်ကလေးများနည်းတူ ပညာသင်ယူမှုအခွင့်အလမ်းများဖန်တီးပေးသော လူတိုင်းအကျုံးဝင်ပညာရေး(Inclusive Education)ကိုလည်း ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ထို့ပြင် သက်ကြီးစာမတတ်သူများအတွက် အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေး အစီအစဉ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နယ်စပ်ဒေသများအပါအဝင် တိုင်းဒေသကြီးများ၊ ပြည်နယ်များအားလုံးတွင် မိမိတို့ဒေသ၊ မိမိတို့အခြေအနေနှင့် ဆီလျော်ကိုက်ညီမှုရှိသည့် စာတတ်မြောက်ရေးလုပ်ငန်း စီမံချက်များရေးဆွဲပြီး ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှု၊ ပညာရေးဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီမှုများရယူပြီး အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့်ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုကဲ့သို့ နိုင်ငံသားတိုင်း စာတတ်မြောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သက်ကြီးစာတတ်မြောက်ရေးလုပ်ငန်းများကို စနစ်တကျကျယ်ကျယ်ပြန့်ပြန့် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် သက်ကြီးစာတတ်မြောက်မှုနှုန်းသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာခဲ့ရာ ယခု ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၅ ဒသမ ၀၁ ရာခိုင်နှုန်းအထိ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသည် အာရှနှင့် ပစိဖိတ်ဒေသအတွင်း စာတတ်မြောက်မှုနှုန်းထား မြင့်မားသောနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း။

ယခုအထူးအလေးဂရုပြု ပြောကြားလိုသည်မှာ မိမိတို့အနေဖြင့် ပြည်သူများ၏ စာတတ်မြောက်မှု၊ ဗဟုသုတပြည့်စုံကြွယ်ဝမှုနှင့် စီးပွားရေး၊ ကျန်းမာရေးမြှင့်တင်ပေးမှုများကို အလေးအနက်တန်ဖိုးထားပြီး ဆောင်ရွက်နေချိန်မှာပင် ကမ္ဘာတစ်လွှားရှိ လူသန်းပေါင်းများစွာသည် စာမတတ်သည့် ဝဲဂယက်ထဲတွင် မျောပါကျန်ရှိနေသေးသည် ဆိုသည့် အချက်ပင်ဖြစ်ကြောင်း၊ စာမတတ်သည့်အတွက် အလွန်ကို လျစ်လျူရှုတတ်ခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်း၊ အမှားအမှန် အကောင်းအဆိုးဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိခြင်း၊ လက်နက်ကိုင် ပဋိပက္ခဖြစ်မှုများဖြစ်ပေါ်စေခြင်း၊ ဒုဗ္ဘိက္ခန္တရကပ် ငတ်မွတ်ခြင်းဘေးကျရောက်ခြင်းစသည့် ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ကြောင်း။

အကယ်၍ ငြိမ်းချမ်းပြီး စည်ပင်သာယာဝပြောသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ကမ္ဘာလောကကြီးကို တည်ဆောက်မည်ဆိုလျှင် ဤနေ့ ဤအချိန်သည် အကောင်းဆုံးအခါသမယဖြစ်ပြီး လူတိုင်းအတွက် စာတတ်မြောက်ရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ပညာရေးနှင့် အလှမ်းဝေးကွာနေသူများအား ပညာသင်ယူမှုအခွင့်အလမ်းများ ရရှိလာကြစေရန်အတွက် 'လူ့ဘောင်ပြည်ရွာသာယာမှု စာတတ်မြောက်ရေးအခြေပြု'ဆိုသည့် ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးအာဘော်နှင့်အညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၁၁ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များအဖွဲ့ကိုယ်စား ယူနီဆက်ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha က ဖတ်ကြားသည်။

ယင်းနောက် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ ၂၀၁၁ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူး ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်လွင်လွင်စိုး က ဖတ်ကြားသည်။

ဆက်လက်၍ နေပြည်တော် ပျဉ်းမနား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **"ဇာတိမာန်"** သီချင်းကို သီဆိုတီးမှုတ်ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ၂၀၁၁ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲတို့၌ **လူ့ဘောင်ပြည်ရွာသာယာရေး စာတတ်မြောက်ရေး ကြိုးပမ်းပေး** အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ ဒေါ်သင်းသင်းဦး (ရှိန်းမြသင်း)၊ ဒုတိယဆုရ ဒေါက်တာနွယ်နွယ်စိုး (နွယ်လေး-မြန်မာစာ)နှင့် တတိယဆုရ ဦးသန်းမင်းထိုက် (သန်းမင်းထိုက်-မြန်မာစာ)တို့အား လည်းကောင်း၊ ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်အဆင့် **ဆင်းရဲမှုလျော့ကျရေးစာတတ်မြောက်ရေး ကြိုးပမ်းပေး** စာစီစာကုံးပြိုင်ပွဲ၌ ပထမဆုရ တောင်ငူပညာရေးတက္ကသိုလ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာ သင်တန်းမှ ပထမနှစ်သင်တန်းသူ မအိအိဖြူ၊ ဒုတိယဆုရမိတ္ထီလာပညာရေးကောလိပ်မှ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းမှ ဒုတိယနှစ် သင်တန်းသူ မမေအဥ္ဇလီကျော်နှင့် တတိယဆုရ မော်လမြိုင်ပညာရေးကောလိပ်မှ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာ သင်တန်းမှ ပထမနှစ် သင်တန်းသူ မချယ်ရီခိုင်တို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အခြေခံပညာအထက်တန်းအဆင့် **ပညာမြင့်မှ လူမျိုးတင့်မည်** စာစီစာကုံးပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် သင်္ကော အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ အဋ္ဌမတန်းကျောင်းသား မောင်ထက်ယံဝေမျိုး၊ ဒုတိယဆုရ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မရတနာသွန်းဖြိုးနှင့် တတိယဆုရ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မမြတ်ကေသွယ်တို့အား လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်သန့်စင်ထိုက်၊ ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မမဥ္ဇူနောင်နှင့် တတိယဆုရ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ မနှင်းထက်ထက်နိုင်ဝင့် တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ **မြန်မာနိုင်ငံ စာတတ်မြောက်ရေးလှုပ်ရှားကြိုးပမ်းမှု ဗီဒီယို** အစီအစဉ်ကို ပြသသည်။ ယင်းနောက် နေပြည်တော် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **"လူတိုင်းအတွက် ပညာရေး"** သီချင်းဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ၂၀၁၁ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ပြခန်း၌ ခင်းကျင်းပြသထားသော မြန်မာနိုင်ငံစာတတ်မြောက်ရေး လှုပ်ရှားမှုပြကွက်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၉-၂၀၁၁ (သောကြာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အာဋ္ဌာနာဋိယသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"သောကကင်းဝေးနေနိုင်ရေး" တရားတော်(ချောင်းဦးဆရာတော် ဒေါက်တာအရှင်ကိတ္တိသာရ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၂၁)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၆၃)**
၈း၅၀	ခရမ်းမြို့မှ သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲ
၉း၁၅	Activities In The City
၉း၃၀	Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဒေစီကျော်ဝင်း)(အပိုင်း-၄)
၁၀း၀၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးနှင့် ဆွေးနွေးခန်း)
၁၀း၂၅	SAMSUNG Consumer Electronics Road Show
၁၀း၄၀	ဖက်ရှင်လမ်းညွှန်
၁၁း၁၅	သူတို့ပြောတဲ့သူတို့အကြောင်း
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀	STUDY ABROAD Information Centre မှ အင်္ဂလန်နှင့် အိုင်ယာလန် တက္ကသိုလ်များ၏ပညာရေး ဆွေးနွေးပွဲ
၁၂း၃၀	မူဟန်ကိုယ်စီတေးကိုသီ
၁း၀၀	"သောကကင်းဝေးနေနိုင်ရေး" တရားတော်(ချောင်းဦးဆရာတော် ဒေါက်တာအရှင်ကိတ္တိသာရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Style ရှိမှ Star ဖြစ်မယ်
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၂၁)**
၄း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၆၃)**
၅း၁၀	ရွှေပြည့်စုံဈေးဆိုသည်မှာ
၅း၃၀	သရုပ်ဆောင် "စိုးရန်အောင်"၏ စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနား
၅း၄၅	ထူးခြားဆန်းသစ် INAX Title နှင့် အသက်ရှူကျောက်ပြား Eco Carat
၆း၀၀	MRTV-4 သတင်း
၆း၂၀	အကြံကောင်းဉာဏ်ကောင်းနှင့် ဝင်ငွေတိုးစေမည့် အရည်အသွေးကောင်းကြံသီးနှံ
၆း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၂၂)**
၇း၃၀	The Champion of Dance
၈း၀၀	MRTV-4 သတင်း
၈း၃၀	VJ Choice
၉း၀၀	အနုပညာမိုးကောင်းကင်
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်"(အပိုင်း-၆၄)**
၁၀း၂၀	Intellectual Talk (Sustainable Development) (Part-2)
၁၀း၄၅	နေရာလွဲမှား သားအိမ်အတွင်းသား (ပထမပိုင်း)(ဆေးပညာရှင်များတွေ့ဆုံဆွေးနွေးခြင်း) (ပါမောက္ခဒေါက်တာမြင့်မောင်မောင်)
၁၁း၀၅	World of Knowledge
၁၁း၅၅	ရဲယိုနှင့်ကျန်းမာရေး
၁၂း၀၀	လှုပ်ရှားစုံစုံမြန်မာ့သုခုမဇာတ်ခုံ (ဖိုးချစ်)(အပိုင်း-၂)
၁၂း၃၀	နေသားတကျအရေပြားအလှ "ဝက်ခြံနဲ့အရေးအကြောင်းကင်းတဲ့ချစ်စရာမျက်နှာ"
၁၂း၄၀	နုယဉ်ဆန်းထွင်ပန်းအလှဆင်
၁း၁၀	နေရောင်ခြည်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့
၁း၃၀	စက်မှုစီးပွားထုတ်ကုန်အား
၁း၅၅	ခရီးတစ်ထောက် နားခိုရာ
၂း၀၀	Shooting Location
၂း၁၅	စွမ်းရည်မြင့်မား လယ်ယာ(၁၆) လက်တွန်းထွန်စက်တာယာများ
၂း၄၅	ဖန်တီးသူတို့ကမ္ဘာ
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	အိုက်ကီဒိုနှင့်သမီးပျို
၄း၁၅	တန်ခိုးထွတ်ခေါင်ရွှေနတ်တောင်
၄း၄၀	ဆင်စွယ်ပန်းပုအခြေပြုလူ့လောကကိုအလှဆင်မည်
၅း၀၀	အစီအစဉ်ပြီး။

ပွင့်လင်းရာသီတွင် ကညင်သောင်ပန်းတာကို မြေသားဖြင့် ပုံစံကျ အခိုင်အမာ ပြန်လည်တည်ဆောက်ပေးသွားမည်

စပါးစိုက်ပျိုးထုတ်လုပ်မှုများ ဝင်ငွေတွက်ခြေကိုက်ပြီး အကျိုးဖြစ်ထွန်းရေး ဘက်ပေါင်းစုံမှ စီမံလုပ်ဆောင်ရန်လို

မြေသိမ်းယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပုဂ္ဂလိကအကျိုးစီးပွားကို ရည်ရွယ်သည့်ကိစ္စများအတွက် လုံးဝခွင့်ပြုခြင်းမရှိ

နေပြည်တော် စက်တင်ဘာ ၈

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၂)ဦးတို့ တက်ရောက်ကြသည်။

ယနေ့လွှတ်တော်အစည်းအဝေး၌ မေးခွန်း (၇)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုအသစ် (၂)ခု တင်သွင်းခြင်း၊ အဆို(၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် စပ်လျဉ်းသည့် မေးခွန်း (၅)ခုကို မေးမြန်းခဲ့ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ **စိုက်ပျိုးရေးလုပ်ငန်းတိုင်းတွင် မျိုးကောင်းမျိုးသန့် ရရှိမှသာ အထွက်နှုန်းကောင်းမွန်နိုင်မည်ဖြစ်ရာ စိုက်ပျိုးခြံများမှ စနစ်တကျထုတ်လုပ်သော တိုက်ရိုက်မျိုးစေ့များသာ စိတ်ချရပြီး တစ်ဆင့်ခံမျိုးစေ့များမှာ အာမခံချက်မရှိပါကြောင်း၊ ထို့အတူ နိုင်ငံခြားမှလာသော ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံမျိုးစေ့များမှာလည်း ဈေးကြီးပေးဝယ်ရပြီး အာမခံချက်မရှိသောကြောင့် တောင်သူလယ်သမားများလက်ဝယ်သို့ စိုက်ပျိုးရေးသုတေသနခြံများမှ ထုတ်လုပ်သော မျိုးကောင်းမျိုးသန့်စပါးနှင့် အရည်အသွေးကောင်းမွန်သည့် မျိုးစေ့များလုံလောက်အောင် ဖြန့်ဖြူးပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ တောင်သူများစီးပွားရေးအရ တွက်ခြေကိုက်ပြီး အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးရေးတာဝန်ကို ထိပ်ဆုံးတွင်ထားရှိ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ထို့အတူ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက်ကြီး (၅)ချက်တွင်လည်း "အထွက်ကောင်းမျိုးကောင်းမျိုးသန့်များ ပြောင်းလဲအသုံးပြုရေး" လုပ်ငန်းကို ထိပ်ဆုံးတွင် ထား၍ အဓိကတာဝန်အဖြစ် ဆောင်ရွက်ရန်လိုအပ်ကြောင်း ဖော်ပြထားရှိပြီး လက်တွေ့ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆန်စပါးသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး၍ ဒေသအသီးသီးနှင့် ကိုက်ညီသော အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် သုတေသနပြုရှာဖွေခြင်း၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များအား စမ်းသပ်စိုက်ပျိုးရှာဖွေခြင်း၊ တောင်သူများအနေဖြင့် တွက်ခြေကိုက်ပြီး မျိုးကောင်းမျိုးသန့်များ လက်ခံစိုက်ပျိုးနိုင်ရေးအတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးသုတေသနခြံများတွင် မျိုးသန့်ဇုန်များ ထူထောင်၍ ဖြန့်ဖြူးခြင်း စသည့် နည်းလမ်းများဖြင့် ရှေ့ပြေးတစ်နိုင်တစ်ပိုင်အဆင့်သာလျှင် လုပ်ဆောင်ပေးနိုင်လျက်ရှိပါကြောင်း။

သို့ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိုးစပါး၊ နွေစပါးဧက သန်း (၂၀) အတွက် အမှန်လိုအပ်သော မျိုးကောင်းမျိုးသန့်များကို (၁၀)ရာခိုင်နှုန်းမျှပင် လက်တွေ့ထိထိရောက်ရောက် ဖြန့်ဖြူးဆောင်ရွက်ပေးနိုင်မှု မရှိသေးသည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ၏ လက်တွေ့အကျိုးကို ရှေးရှု၍ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသအလိုက် ပူးပေါင်းပါဝင် ပခုံးထမ်းဆောင်ရွက်ပေးကြပါရန်နှင့် ဒေသအလိုက် ငွေကြေးအရင်းအနှီး တတ်နိုင်သည့်စိုက်ပျိုးရေး အထူးပြုကုမ္ပဏီနှင့် အထူးပြုပုဂ္ဂိုလ်များအနေဖြင့် မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းကို အပြိုင်အဆိုင်စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်လာကြရန် အထူးလိုအပ်ပါကြောင်း၊ **ဟင်းသီးဟင်းရွက် သစ်သီးဝလံ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပညာရှင်များအနေဖြင့် ဦးစားပေးသီးနှံအလိုက် ထုတ်လုပ်ဖြန့်ဖြူးဆောင်ရွက်လျက်ရှိပါကြောင်း၊ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်စပ်မျိုး နေကြာ၊ ပဲတီစိမ်းမျိုး၊ ဝါသီးနှံ၊ ကြံသီးနှံနှင့် ရော်ဘာမျိုးတို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ဆွေးနွေးမေးမြန်းကြရုံ၊ ဖြေကြားကြရုံ၊ အကြံဉာဏ်ကောင်းအဆင့်မျှသာ ရပ်တန့်နေကြပြီး လက်တွေ့လုပ်ဆောင်ချက်မပါလာလျှင်မူ မည်သို့မျှတိုးတက်ဖြစ်ထွန်းမှု အကျိုးဆက်တစ်စုံတစ်ရာ ရရှိလာနိုင်မည်မဟုတ်သည်ကို ရိုးရှင်းစွာ တင်ပြလိုပါကြောင်း၊** သို့ဖြစ်၍ နိုင်ငံနှင့်အဝန်းတောင်သူလယ်သမားများ၏ အခြေခံလိုအပ်ချက် မျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးရေးတာဝန်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ လုပ်ငန်းရှင်များ အပြိုင်အဆိုင် ထိထိရောက်ရောက် ထူထောင်လုပ်ဆောင်ပေးကြရန် အမှန်လိုအပ်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဘငွေး၏ **ဝန်မြစ်နှင့် ဧရာဝတီမြစ်တို့အား ကာထားသည့်တာများကို မိုးတွင်းကာလရောက်မှ အရေးပေါ်ဆောင်ရွက်ခြင်းထက် နွေရာသီတွင် တာကြံ့ခိုင်ရေးအား ဆောင်ရွက်ပေးသင့်ပါကြောင်းနှင့် လေးမျက်နှာနှင့် ရေကြည်မြို့နယ်အစပ်ရှိ ငဝန်တာ အမြင့်သည် စိုးရိမ်ရေမှတ်နှင့် တစ်သားတည်းရောက်နေပြီး တာအတွင်းရှိ ပြည်သူများအတွက် အန္တရာယ်ရှိသဖြင့် ငဝန်တာအား ထပ်မံမြှင့်တင်ဆောင်ရွက်ပေးမည့်အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နှင့် ရေကြည်မြို့နယ်အစပ်ရှိ ကုန်းကြီးငဝန်တာနေရာသည် တာမိုင် (၃၆/၆)နှင့် (၃၇/၁)အတွင်းရှိ ကညင်သောင်ပန်းတာနေရာဖြစ်ပါကြောင်း၊ ပန်းတာ၏ အလျားမှာ ပေ(၁၉၅၀)ရှိပြီး ၎င်း၏အရှေ့ ပေ (၄၀၀) ခန့် အကွာတွင် မူလကမ်းရင်းတာရှိပါကြောင်း၊ ယခုနှစ် ဇွန်လ ၁၈ ရက်က ငဝန်မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုဖြစ်ပေါ်ပြီး မူလကမ်းရင်းတာ ပေ(၅၀)ခန့်သည် ကမ်းပြိုရာတွင် ပါဝင်သွားခဲ့ပါကြောင်း၊ ထို့ကြောင့် ကမ်းရင်းတာနှင့် ပန်းတာအကြားရေများဝင်ရောက်ခဲ့ပါကြောင်း၊ ပန်းတာ၏ အချို့နေရာများတွင် တာနိမ့်ကျမှုများရှိသဖြင့် လိုအပ်သောနေရာများတွင် သဲအိတ်များဆင့်၍ ကာကွယ်ထားပြီးဖြစ်ပါကြောင်း၊ လာမည့် ပွင့်လင်းရာသီတွင် ကညင်သောင်ပန်းတာကို မြေသားဖြင့် ပုံစံကျ အခိုင်အမာပြန်လည်တည်ဆောက်ပေးသွားမည် ဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးတစ်ခုအတွက်ပင်လျှင် တာမိုင်စုစုပေါင်း (၁၃၄၁ ဒသမ ၅၆)မိုင်ရှိပြီး တာအမြင့်(၅)ပေ မြှင့်တင်ရန်အတွက် ကျပ်သန်းပေါင်း(၂၇၆၀)ခန့် ကုန်ကျမည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ဘဏ္ဍာငွေ ဦးစားပေးခွင့်ပြုနိုင်မှုအခြေအနေပေါ်မူတည်၍သာလျှင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေရှိပါကြောင်း၊ ယခုလက်ရှိအနေအထားအရ ငဝန်တာသည် ရေကြီးမှတ်အထက်(၆)ပေခန့် မြေသားပိုမိုရှိနေသည်ကို ပြောကြားလိုပါကြောင်း၊ တာကြံ့ခိုင်ရေးလုပ်ငန်းများကို နှစ်စဉ် ပွင့်လင်းရာသီတွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် လိုအပ်သည့်နေရာများတွင် ရေလမ်းကြောင်းဖြောင့်ခြင်းလုပ်ငန်းများ၊ ရေတိုက်စားမှုကာကွယ်ရေးစနစ်များ၊ တာခြေ၊ တာမျက်နှာပြင်ကြံ့ခိုင်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန်၏ **လယ်ယာမြေများ၌ နှစ်သီးစိုက်ပျိုးရာတွင် ဆန်စပါးကို အဓိကစိုက်ပျိုးစေပြီး ဒုတိယစိုက်ပျိုးရမည့်သီးနှံကို သက်ဆိုင်ရာဌာနက သတ်မှတ်ပေးသောသီးနှံကိုသာ စိုက်ပျိုးရသောကြောင့် တောင်သူများအနေဖြင့် နယ်မြေဒေသအခြေအနေအရ ဖြစ်ထွန်းအောင်မြင်ပြီး အကျိုးအမြတ်ရရှိနိုင်မည့် သီးနှံကိုသာ စိုက်ပျိုးလိုပါကြောင်း၊ ဒုတိယသီးနှံအား တောင်သူများဆန္ဒအရ စိုက်ပျိုးလိုသောသီးနှံများကို စိုက်ပျိုးခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လူမျိုးမရွေး၊ ဘာသာမရွေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူဦးရေသန်း(၆၀)ကျော် နေ့စဉ်စားသုံးနေသော၊ မရှိမဖြစ်လိုအပ်နေသော သီးနှံဖြစ်သည့် ဆန်စပါးသည် အမျိုးသားသီးနှံဖြစ်သည့်နည်းတူ နိုင်ငံအတွင်း ဆန်မလုံလောက်ပါက စားရေရိက္ခာမလုံလောက်သည့်ပြဿနာ ဖြစ်လာနိုင်ပါကြောင်း၊ နိုင်ငံသားအားလုံးနှင့် ဆက်နွှယ်သည့် အန္တရာယ်ကျရောက်နိုင်သည့်အပေါ် စားနပ်ရိက္ခာဖူလုံမှု၏ အရေးပါမှု၊ အဓိကကျမှုကို ထည့်သွင်းသုံးသပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဆန်စပါးအမြဲလိုအပ်နေသော အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် အာဖရိကနိုင်ငံများသို့ ထိုင်းမှ နှစ်စဉ်တန်ချိန် (၈)သန်းမှ (၁၀)သန်း၊ ဗီယက်နမ်မှ နှစ်စဉ်တန်ချိန် (၆)သန်းမှ (၇)သန်း တင်ပို့နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေကြရာ တိုက်ရိုက်ဆက်စပ်နေသော တောင်သူလယ်သမားများ၏ ဝင်ငွေအား ခိုင်ခိုင်မာမာတိုးတက်ရရှိစေလျက်ရှိပြီး ၎င်းတို့နိုင်ငံများ၏ စီးပွားရေးတိုးတက်မှုကို ဆန်စပါးကဏ္ဍမှ ထိရောက်စွာ ဖော်ဆောင်ပေးနိုင်လျက်ရှိပါကြောင်း။

ယင်းသို့ လေ့လာတွေ့ရှိချက်များအရ ဆန်စပါးနည်းပညာဖြင့် စပ်မျိုးထုတ်လုပ်စိုက်ပျိုးမှုအပါအဝင် အထူးအထွက်တိုးမျိုးများကို ပြောင်းလဲအသုံးပြုခြင်း၊ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများအတွက် ဈေးကွက်တန်ဖိုးကို ထိုက်တန်စွာ ခွဲဝေခံစားရရှိနိုင်ရေး ထိန်းကျောင်းဆောင်ရွက်ပေးခြင်းဖြင့် စပါးစိုက်သည့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိစေနိုင်ပြီး စိုက်လိုအားဆန္ဒကိုလည်း ပို၍မြှင့်တင်ပေးနိုင်ပါကြောင်း၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများတွင် တောင်သူလယ်သမားများအနေဖြင့် ဆည်ရေသောက်လယ်မြေများတွင် စပါးကို တစ်နှစ် နှစ်သီးမှ (၂)နှစ် (၅)သီး စိုက်ပျိုးရန် အားထက်သန်နေကြကြောင်း၊ သို့ဖြစ်၍ မိမိတို့လယ်သမားများအတွက် စပါးသီးနှံအား ခနဉစွာတိုးပွားစေသည့် သီးနှံဖြစ်စေရေးအတွက် ဈေးကွက်နှင့်ဈေးနှုန်းခိုင်မာအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ဆန်စပါးစိုက်တောင်သူများ၏ လက်တွေ့လိုအပ်ချက်များကို ပြုပြင်ကုစားပေးနိုင်သည့် နည်းလမ်းများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအပါအဝင် အသိအမြင်ကြွယ်ဝသူများက ထိန်းကျောင်းပံ့ပိုးကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ရေပမာဏ လုံလောက်အောင် ထိန်းသိမ်းသိုလှောင်ဖြန့်ဖြူးပေးနိုင်မှုမရှိသော ဆည်ရေသောက်ဒေသများဖြစ်လျှင် ရေကိုတန်ဖိုးရှိစွာ ထိထိရောက်ရောက် အသုံးချပြီး ရေအသုံးပြုရမှု လိုအပ်ချက်နည်းသည့် ဝင်ငွေရသီးနှံအမည်များကို ရွေးချယ်စိုက်ပျိုးခွင့်ပြုရန် အားပေးဆောင်ရွက်သင့်ပါကြောင်း၊ မည်သည့်သီးနှံရွေးချယ်ရမည်ကိုမူ ဒေသနှင့်လိုက်လျောညီထွေရှိပြီး တောင်သူလယ်သမားများအတွက် အမှန်တွက်ခြေကိုက်အောင် ရွေးချယ်စီမံဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ မိမိတို့နိုင်ငံ၏ အကျိုးစီးပွားနှင့် စားနပ်ရိက္ခာဖူလုံမှုအတွက် စီမံတွက်ချက်ပြီး တည်ဆောက်ထားသော ဆည်များအား အသုံးပြု၍ ဆန်စပါးသီးနှံကိုသာလျှင် အဓိကအားပြုထုတ်လုပ်ရန်မှာ လျော်ကန်မည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ၏ စပါးစိုက်ပျိုးထုတ်လုပ်မှုများ ဝင်ငွေတွက်ခြေကိုက်ပြီး အကျိုးဖြစ်ထွန်းစေရေးအတွက် ဘက်ပေါင်းစုံမှ သုံးသပ်ထိန်းကျောင်းတည့်မတ် အကောင်အထည်ဖော်ပေးခြင်းလုပ်ငန်းကို မဖြစ်မနေ စီမံလုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ရေရှည်ထိန်းသိမ်းကာကွယ်ရမည့် အမျိုးသားရေးအကျိုးစီးပွားနှင့် လယ်သမားများ၏ လက်ငင်းအကျိုးစီးပွားအတွက် ယခုရှင်းလင်းဖြေကြားချက်များအပေါ်တွင် လက်ခံပေးနိုင်ပါမည်ဟု ယုံကြည်ပါကြောင်းဖြင့် ဖြေကြားသည်။

ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးသန်းဝင်း၏ **ဖျာပုံခရိုင်တွင် မြို့နယ်(၄)မြို့နယ်ပါဝင်ပြီး မြို့နယ်တွင် နေထိုင်သည့်လူများသည် လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးသီးနှံအလိုက် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ်ကို ဒေသနှင့်ကိုက်ညီသည့် အသိပညာနှင့် အတတ်ပညာများ သိရှိတတ်မြောက်စေရန် ဖျာပုံမြို့တွင် စိုက်ပျိုးရေးနှင့် ပတ်သက်သော သင်တန်းကျောင်းတစ်ခုဖွင့်လှစ်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးသိပ္ပံ(၇) ကျောင်းကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြောင်းမြမြို့၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သာယာဝတီမြို့၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်ကြီးမြို့၊ နေပြည်တော်ပျဉ်းမနားမြို့၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပွင့်ဖြူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုမြို့နှင့် မွန်ပြည်နယ်အတွင်းရှိ သထုံမြို့များတွင် ဖွင့်လှစ်ထားပြီးဖြစ်ပါကြောင်း၊ ထို့အပြင် သီးနှံအထူးပြု သင်တန်းကျောင်း (၂)ကျောင်းကို အောင်ပန်းမြို့နှင့် မြိတ်မြို့များတွင်လည်းကောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် တက္ကသိုလ်၏ သီးနှံအထူးပြုကျောင်းခွဲများကို မော်ဘီမြို့၊ လှည်းကူးမြို့၊ ဖားအောက်မြို့၊ ညောင်ပင်သာမြို့၊ မကွေးမြို့၊ လွန်ကျော်မြို့နှင့် အောင်ပန်းမြို့များတွင် လည်းကောင်း အသီးသီးဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားမိသားစုဝင်များအနေဖြင့် မိမိတို့ဒေသနှင့် အနီးစပ်ဆုံးသင်တန်းကျောင်းများ၌ စိုက်ပျိုးရေးပညာရပ်များကို သင်ကြားခွင့်ရရှိခဲ့ကြပြီး ၁၉၈၈-၁၉၈၉ ခုနှစ်မှ ၂၀၀၉-၂၀၁၀ ခုနှစ်အထိ စိုက်ပျိုးရေးဒီပလိုမာဘွဲ့ရ(၉၇၇၆)ဦးနှင့် စိုက်ပျိုးရေးပညာဘွဲ့ရ (၃၈၄၅)ဦးမွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာ၊ မဟာသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့ရများကိုလည်း မွေးထုတ်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်၍ **ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် ပတ်သက်သော အသိပညာ၊ အတတ်ပညာများ သင်ယူနိုင်ရန်အတွက် မြောင်းမြမြို့၌ ဖွင့်လှစ်ထားရှိသည့် စိုက်ပျိုးရေးသိပ္ပံကျောင်းတွင် တက်ရောက်သင်ယူလေ့လာနိုင်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးလိုအပ်ချက်များအပေါ် မူတည်၍ ကဏ္ဍအလိုက် ဦးစားပေးလုပ်ငန်းများ ခွင့်ပြုဆောင်ရွက်ပေးမှုအပေါ် သိရှိနားလည်ပေးနိုင်ပါရန်နှင့် လောလောဆယ် ဖျာပုံမြို့နယ်တွင် စိုက်ပျိုးရေးသင်တန်းကျောင်းတစ်ခု အသစ်ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း**ဖြင့် ဖြေကြားသည်။

ကျုံပျော်မဲဆန္ဒနယ်မှ ဒေါက်တာစိုးသူရ၏ **ယခုနှစ် မိုးရာသီတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျုံပျော်မြို့နယ် ဓနော်ကျေးရွာအုပ်စုအတွင်းရှိ ကော့သလိုင်ရေကာတာအတွင်းသို့ အမြင့်ပိုင်းဒေသမှ ရေများစီးဝင်ပြီး ခရေကန် ရေထွက်ပေါက်တစ်ပေါက်သာရှိသည့်အတွက် မြို့နယ်အတွင်းရှိ လယ်မြေဧကပေါင်း (၁၀၀၀၀)ကျော် ရေနစ်မြုပ်ခဲ့ရပါကြောင်း၊ ထို့ကြောင့် ကော့သလိုင်ရေကာတာတွင် ရေထိန်းတံခါး တပ်ဆင်ပေးပြီး ပိုသည့်ရေများအား ထိန်းကျောင်းလွှတ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ရေနစ်မြုပ်ပျက်စီးခြင်းများ မကြုံတွေ့စေရန် အခြားသောနည်းလမ်းဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ဓနော်ကျေးရွာအတွင်းရှိ ကော့သလိုင်တာကို ၁၉၉၄-၁၉၉၅ ခုနှစ်တွင် ကျေးရွာလူထုအားဖြင့် တည်ဆောက်ထားပြီး ကျေးရွာက ထိန်းသိမ်းထားသည့် လယ်သမားတာဖြစ်ပါကြောင်း၊ အဆိုပါ တာ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်မှာ ပန်းတနော်မြို့နယ်ရှိ ဗောဓိအနောက်ကွင်းတွင် မိုးစပါးနှင့် နွေစပါး စိုက်ပျိုးနိုင်ရန်အတွက် ရေကြီးမှုကာကွယ်ရန်နှင့် ကျေးရွာချင်းဆက်လမ်းအဖြစ် အသုံးပြုနိုင်ရန်ဖြစ်ပါကြောင်း၊ ဓနုဖြူမြို့နယ်နှင့် ဟသ်ာတမြို့နယ်များမှ စီးဆင်းလာသော ရေများနှင့် ကျုံပျော်မြို့နယ်ရေနက်ကွင်းအတွင်းမှ ရေများကို ကော့သလိုင်တာတောင်ဘက်ရှိ ဆင်ချောင်းရေတံခါးမှ ထုတ်နုတ်ပေးပြီး ကော့သလိုင်တာနှင့်အပြိုင် ရေနုတ်ချောင်းမှတစ်ဆင့် ခရေကန်ရေထွက်ပေါက် ကျုံကရင်ချောင်းတို့မှတစ်ဆင့် ပသွယ်ချောင်းများအတွင်း ထုတ်လွှတ်ပေးရပါကြောင်း။

ယခုနှစ်အတွင်း ထူးကဲမိုးရွာသွန်းမှုများရှိခဲ့သဖြင့် ကျုံပျော်၊ ဓနုဖြူနှင့် ဟသ်ာတမြို့နယ်များမှ စီးဆင်းလာသော ရေအားများပြီး ခရေကန်ရေထွက်ပေါက်မှ နိုင်နင်းစွာ ရေထုတ်နုတ်နိုင်ခြင်းမရှိသည့်အတွက် ကျုံပျော်မြို့နယ်အတွင်း အခိုက်အတန့် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ရခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ရေကြီးနစ်မြုပ်မှုမှ ထိထိရောက်ရောက် ကာကွယ်ရန်နှင့် ရေထွက်အားပိုမိုကောင်းမွန်စေရန်အတွက် ခရေကန်-ဂနိမ်း-ဂျုံးဂျုံးကျချောင်းချဲ့ခြင်း၊ ကျုံကရင်နှင့် မွေ့ထရံချောင်းချဲ့ခြင်း၊ ကျုံပတော-ကျုံတမာချောင်းချဲ့ခြင်းနှင့် ကျုံပတော-ဂရက်ကြီးချောင်းချဲ့ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဓိကလိုအပ်သော ရေထွက်အားပိုမိုကောင်းမွန်စေမည့် ရေမြောင်းများချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် ကော့သလိုင်တာတွင် သီးခြားရေထိန်းတံခါး တည်ဆောက်တပ်ဆင်ပေးရန် လုပ်ငန်းလိုအပ်ချက် မရှိနိုင်တော့ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်း၏ **နိုင်ငံတော်တွင် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေနှင့် နည်းဥပဒေ များစွာရှိသည့်အနက် ခေတ်နှင့်လျော်ညီခြင်းမရှိဘဲ ပြည်သူများအပေါ် အကျိုးမပြုသည့် ဥပဒေ၊ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေကို သိရှိလိုပါကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

❖ စာမျက်နှာ ၄ မှ

ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေအရပ်ရပ်ကို အကြောင်းပြုပြီး လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းသို့ပြဋ္ဌာန်းခဲ့သော ဥပဒေများအနက် အချို့သော ဥပဒေများသည် ပြောင်းလဲလာသည့် အခြေအနေများနှင့် ဆီလျော်မှုမရှိခြင်းကြောင့်လည်းကောင်း၊ အချိန်ကာလကြာမြင့်စွာ ကျင့်သုံးမှုမရှိတော့ခြင်းကြောင့်လည်းကောင်း၊ အနာဂတ်ကာလတွင် ကျင့်သုံးရန် အကြောင်းမရှိတော့သဖြင့်လည်းကောင်း ရုပ်သိမ်းသင့်သည့် ဥပဒေများရှိသကဲ့သို့ ပြောင်းလဲလာသော အခြေအနေနှင့် လိုက်လျောညီထွေရှိစေရန် ပြင်ဆင်သင့်သည့် ဥပဒေများလည်းရှိပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေအရ တည်ဆဲဥပဒေများကို စာရင်းပြုစုထားရှိပါကြောင်း၊ သို့ရာတွင် ဥပဒေအသီးသီးကိုစီမံခန့်ခွဲ အကောင်အထည်ဖော်သောအဖွဲ့အစည်းများမှာ ပြည်ထောင်စုဝန်ကြီးဌာနများသာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ရုပ်သိမ်းသင့်သည့်ဥပဒေများကို ရုပ်သိမ်းရန် လည်းကောင်း၊ ပြင်ဆင်ဖြည့်စွက်သင့်သည့် ဥပဒေများကို ပြင်ဆင်ဖြည့်စွက်ရန် လည်းကောင်း၊ အသစ်ပြဋ္ဌာန်းသင့်သည့် ဥပဒေများကို အသစ်ပြဋ္ဌာန်းရန် လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ဤကဲ့သို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးပြီးသည်နှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများသို့ ပြင်ဆင်၊ ရုပ်သိမ်း၊ အသစ်ရေးဆွဲလိုသည့် ဥပဒေများကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ စာရင်းပေးပို့ပါရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများကလည်း ဥပဒေများကိုစိစစ်၍ သဘောထားမှတ်ချက်များနှင့်အတူ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ စာရင်းပေးပို့လျက်ရှိပါကြောင်း၊ ယခုမေးမြန်းသည့် ခေတ်နှင့်လျော်ညီခြင်းမရှိသော ဥပဒေများ၊ နိုင်ငံတော်နှင့် ပြည်သူတို့အပေါ် အကျိုးမပြုသော ဥပဒေများနှင့်စပ်လျဉ်း၍ ရုပ်သိမ်းလိုသည့် ဥပဒေအချို့ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက သဘောထားပေးပို့ထားရှိပါကြောင်း၊ **ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့်လည်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး ပြည်ထောင်စုဝန်ကြီးဌာနက ရုပ်သိမ်း၊ ဖျက်သိမ်းသင့်သည့် ဥပဒေများကို လွှတ်တော်သို့ တင်ပြနိုင်ရန် အသေးစိတ်စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ စိစစ်ဆောင်ရွက်ရာတွင် ဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ကိုက်ညီမှု ရှိ/မရှိ၊ ခေတ်နှင့်လျော်ညီခြင်း ရှိ/မရှိ၊ ပြည်သူကို အကျိုးပြုခြင်း ရှိ/မရှိ၊ ဥပဒေတစ်ရပ်၏ အကျိုးသက်ရောက်မှုသည် ပျက်ပြယ်သွားနိုင်မှု ရှိ/မရှိ၊ ဥပဒေတစ်ရပ်အရ သက်ဆိုင်သည့်ကာလတွင် ဆောင်ရွက်မှုသည် ယင်းဥပဒေအရ တရားဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဆက်လက်တည်ရှိနေရန် သင့်/မသင့် စသည့်အချက်များကို ထည့်သွင်းစဉ်းစားရပါကြောင်း၊ ဥပဒေတစ်ရပ်ကို အစားထိုးပြဋ္ဌာန်းခြင်းကြောင့် ရုပ်သိမ်းခြင်းမဟုတ်ဘဲ အပြီးရုပ်သိမ်းလိုက်ခြင်းသည် ယင်းဥပဒေ၏ အာဏာသက်ရောက်မှုကို လုံးဝပျက်ပြယ်သွားစေနိုင်သောကြောင့် ဥပဒေတစ်ရပ်ကို အပြီးရုပ်သိမ်းရန် သင့်/မသင့်ကို အထူးအလေးအနက်ထား ဆောင်ရွက်ရပါကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး ဥပဒေရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်းတို့ ပြုလုပ်သွားနိုင်ရေးကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဥပဒေနှင့်အညီ အကြံပြုဆောင်ရွက်လျက်ရှိပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ၏ **နိုင်ငံတော်၏ အကျိုးစီးပွားပိုမိုဖြစ်ထွန်းမည့် စီမံကိန်းများအတွက် မြေသိမ်းဆည်းရာတွင် မြေအသုံးချခွင့်ရှိသူများအား အဘက်ဘက်မှ နစ်နာမှုမရှိစေရန် လိုအပ်သည့်မြေကို စနစ်တကျစိစစ်ပြီး လိုအပ်သည့် ဧရိယာကိုသာသိမ်းဆည်းခြင်း၊ စီမံကိန်းအကောင်အထည်ဖော်ရာတွင် သတ်မှတ်ကာလအတွင်း စီမံကိန်းပြီးစီးအောင် ဆောင်ရွက်ခြင်း၊ စီမံကိန်းဆောင်ရွက်ခြင်း မပြုသော မြေများအား မူလတောင်သူလယ်သမားများသို့ ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊ ပုဂ္ဂလိကအကျိုးစီးပွားကို ရည်ရွယ်သော စိုက်ပျိုးမြေများအား အခြားနည်းလမ်း အသုံးပြုရန် သိမ်းဆည်းခြင်းတို့ကို ထိရောက်စွာ ကြပ်မတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က နိုင်ငံတော်အဖွဲ့အစည်း၊ ကော်ပိုရေးရှင်း၊ ဝန်ကြီးဌာန တစ်ခုခုအတွက် အများပြည်သူအကျိုးငှာ မြေသိမ်းဆည်းပေးရန် သက်ဆိုင်ရာဌာနက အဆိုပြုလျှောက်ထားလာပါက ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေအရ ပြည်ထဲရေးဝန်ကြီးဌာနက သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးအား မြေသိမ်းယူခြင်းကိစ္စအဝဝကို အရေးယူဆောင်ရွက်ရန် မြေသိမ်းကော်လိတ္တော်အရာရှိအဖြစ် လုပ်ပိုင်ခွင့်အပ်နှင်း တာဝန်ပေးဆောင်ရွက်ခဲ့ပါကြောင်း၊ အများပြည်သူအကျိုးငှာ သိမ်းယူသည့်မြေသည် လယ်ယာမြေဖြစ်ပါက **၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၉ အရ လယ်ယာမြေကို သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုသည့် အမိန့် ခွင့်ပြုချက်ရရှိပြီးမှသာ** ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့် မြေသိမ်းအမှုတွဲဖွင့်လှစ်ဆောင်ရွက်ပေးပါကြောင်း။

မြေသိမ်းကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်ကိုအပ်နှင်းခံရသူ ခရိုင်အုပ်ချုပ်ရေးမှူးအနေဖြင့် မြေသိမ်းယူခြင်းကိစ္စအဝဝကို အရေးယူဆောင်ရွက်ရာတွင် အဆိုပြုလျှောက်ထားမြေကို အများပြည်သူအကျိုးအတွက် အမှန်တကယ်အသုံးပြုရန် သင့်လျော်ခြင်း ရှိ /မရှိ သေချာမှုရှိစေရန် စနစ်တကျစိစစ်ခြင်း၊ ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းတို့ကို ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေသိမ်းဆည်းရာတွင် အနည်းဆုံးလိုအပ်သည့် မြေဧရိယာကိုသာ သိမ်းဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လျှောက်ထားသူအနေဖြင့်လည်း သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ရေးအတွက် အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြေသိမ်းယူခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပုဂ္ဂလိက အကျိုးစီးပွားကို ရည်ရွယ်သည့် ကိစ္စများအတွက် လုံးဝခွင့်ပြုခြင်းမရှိဘဲ နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားအတွက် မြေသိမ်းဆည်းခြင်းကိုသာ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်၏ စိစစ်တင်ပြချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၏ ထောက်ခံချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပြုလျှောက်ထားမြေကို သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးမပြုခဲ့ရလျှင် သို့မဟုတ် အသုံးပြုရန် မလိုအပ်ခဲ့လျှင် လျှောက်ထားသူက နိုင်ငံတော်သို့ပြန်လည်အပ်နှံရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လယ်ယာမြေကို သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန်ခွင့်ပြုခြင်း၊ အများပြည်သူအကျိုးငှာ မြေသိမ်းဆည်းပေးခြင်းတို့ကို ဆောင်ရွက်ရာတွင် တည်ဆဲမြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ထိရောက်စွာ ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုက **'ဓာတ်မြေသြဇာများကို တောင်သူလယ်သမားများ လက်လှမ်းမီသည့် သင့်တော်သော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးပါရန်'** အဆို၊ ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီက **'စပါးစိုက်ပျိုးရမည့် ဧရိယာ(မိုးစပါး၊ နွေစပါး)ကို ဥပဒေတစ်ရပ်သတ်မှတ်ဆောင်ရွက်သင့်ကြောင်း'** အဆိုတို့ကို တင်သွင်းကြသည်။

ယင်းအဆိုများကို စက်တင်ဘာ (၉) ရက် (သောကြာနေ့)တွင် ဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးမည့် ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း သိရသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍတွင် စက်တင်ဘာ (၆)ရက်နေ့က တင်သွင်းခဲ့သော အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ၏ **ဝေးလံခက်ခဲသော တောင်ပေါ်ဒေသများမှ ကျောင်းသား၊ ကျောင်းသူများအား ပညာရေးကောလိပ်၊ သားဖွားဆရာမနှင့် သူနာပြုအစရှိသည့် သင်တန်းများတွင် ဝင်ခွင့်ရရှိရေးအတွက် သတ်မှတ်ထားသော ၁၀ တန်းရမှတ်ကို လျှော့ပေါ့စဉ်းစားပေးပြီး မိမိဒေသတွင် တာဝန်ထမ်းဆောင်ပါမည်ဟူသော ကတိခံဝန်ချုပ်ဖြင့် ဒေသခံများအား အထူးဦးစားပေးတက်ရောက်နိုင်ရေးအတွက် ခွင့်ပြုစေနိုင်ရေး'** အဆိုကို လွှတ်တော်ကိုယ်စားလှယ် ငါးဦးက ဆွေးနွေးကြသည်။

မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်က ဆွေးနွေးရာတွင် ဒေသခံတိုင်းရင်းသား ပြည်သူ့ရင်ဖွား ပညာတတ်များ ပိုမိုထွန်းကားပြီး ဒေသ၏အကျိုးကို ပြန်လည်တာဝန်ထမ်းဆောင်ပေးမှသာလျှင် လိုအပ်လျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ပေးနိုင်ပြီး ဒေသအတွက် များစွာအထောက်အကူပြုစေနိုင်မည် ဖြစ်ပါသဖြင့် ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ်က ဆွေးနွေးရာတွင် မိမိဒေသနှင့် ဒေသခံပြည်သူကို ချစ်မြတ်နိုး၍ လုပ်ငန်းစိတ်ဝင်စားသော ဒေသခံလူငယ်မောင်မယ်များ မွေးထုတ်နိုင်ရေးအတွက် အထူးဦးစားပေးစဉ်းစားဆောင်ရွက်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်းက ဆွေးနွေးရာတွင် ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးမှု လိုအပ်သေးသော တောင်ပေါ်ဒေသများ ဖွံ့ဖြိုးမှုတိုးတက်လာစေရန် အထောက်အကူပြုမည့် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းများတွင် ကန့်သတ်ချက်၊ သတ်မှတ်ချက်များကို ယခင်ကကဲ့သို့ ဆက်လက်လျှော့ပေါ့စဉ်းစားပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက ဆွေးနွေးရာတွင် ဒေါ်ဒွဲဘူ တင်သွင်းသည့် အဆိုအတိုင်း ခွင့်ပြုပေးနိုင်မည်ဆိုပါက ဒေသခံများအတွက် အဆင်ပြေကောင်းမွန်နိုင်မည်ဖြစ်သကဲ့သို့ လမ်းပန်းဆက်သွယ်မှုခက်ခဲ၍ ဝေးလံခေါင်သီမှုကြောင့် တာဝန်ကျနေရာတွင် မပျော်ပိုက်ကြသော ဝန်ထမ်းများအတွက်လည်း များစွာ အဆင်ပြေချောမွေ့စေမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

လေရှီးမဲဆန္ဒနယ်မှ ဦးရှိုသီးက ဆွေးနွေးရာတွင် ဝေးလံခက်ခဲသော တောင်ပေါ်ဒေသ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေး၊ ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအဆင်ပြေစေရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို အထောက်အကူဖြစ်စေရန်အတွက် ဤအဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအနက် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပညာရေးကောလိပ် ဝင်ခွင့်လျှောက်ထားသူများအတွက် ရမှတ် (၂၆၀)နှင့်အထက်ရရှိသူများကို တက်ရောက်ခွင့်ပြုခဲ့ပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်တို့မှ လျှောက်ထားသူများအား ရမှတ်(၂၈၀)နှင့် အထက် ရရှိသူများကိုသာ တက်ရောက်ခွင့်ပြုခဲ့ပါကြောင်း၊ သင်တန်းသားအဖြစ်

ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ မေးမြန်းစဉ်။ (သတင်းစဉ်)

ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

လျှောက်ထားသူဦးရေနည်းပါးသဖြင့် သင်တန်းသားရမှတ်ကို သင်တန်းသူရမှတ်ထက် လျှော့ပေါ့၍လည်း ရွေးချယ်ပါကြောင်း၊ အမှတ်(၂၆၀)ရရှိသူသည် ပျမ်းမျှတစ်ဘာသာလျှင် (၄၃ ဒသမ ၃)မှတ်သာ ရရှိပါကြောင်း၊ ပညာရေးကောလိပ်တွင် ပထမနှစ်သင်တန်းအတွက် တက္ကသိုလ်ပထမနှစ်စာပေဘာသာရပ်များနှင့် မူလတန်းဆရာအတတ်ပညာများကို လေ့ကျင့်သင်ကြားပေးပါကြောင်း၊ ၂၀၁၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲရမှတ်နိမ့်သူများအား အဆိုပါဝန်ကြီးဌာန၏ မေတ္တာရပ်ခံချက်အရ လျှော့ပေါ့လက်ခံပေးခဲ့ပါကြောင်း။

လက်ရှိအခြေအနေထိ ခရိုင်အဆင့်လျှောက်ထားသူများ၏ ရမှတ်များကိုသာ ကြီးစဉ်ငယ်လိုက်အရ ရွေးချယ်ခြင်းဖြစ်သဖြင့် ဖွံ့ဖြိုးသည့် ခရိုင်ရုံးစိုက်သည့်မြို့နယ်မှ အောင်မြင်သူများသည် အဆိုပါခရိုင်အတွင်းရှိ ခက်ခဲသည့်မြို့နယ်မှ အောင်မြင်သူထက် ရမှတ်များနိုင်ပါကြောင်း၊ လာဘ်ပေး၊ လာဘ်ယူမှုများ ကင်းရှင်းရေးအတွက် ဗဟိုအဆင့်က တိကျသည့်မူများချမှတ်၍ လုပ်ဆောင်ရသဖြင့် ရမှတ်အများ/အနည်းကိုသာ ဦးတည်လုပ်ဆောင်ရခြင်းဖြစ်ပါကြောင်း၊ မူလတန်းပြအဆင့်တွင် မိမိဒေသ၌ တာဝန်ထမ်းဆောင်ကြမည်ဖြစ်သော်လည်း အလယ်တန်းပြ၊ အထက်တန်းပြ ရာထူး အဆင့်ဆင့်တိုးမြင့်လာချိန်တွင် အများစုသော ဒေသခံဆရာများသည် ဖွံ့ဖြိုးမှုရှိသည့် မိမိတိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ အခြားသော မြို့/ရွာ/ကျောင်းများသို့ လည်းကောင်း၊ အဆက်အသွယ်ရှိသည့် အခြားသော တိုင်းဒေသကြီး/ပြည်နယ်များသို့ လည်းကောင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်လိုမှုများ ဖြစ်ပေါ်လာပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း တာဝန်ရှိသူအဆင့်ဆင့် ပြောင်းလဲနေမည်ဖြစ်သဖြင့် မည်သူသည် ဒေသတွင်းကျောင်း၌သာ တာဝန်ထမ်းဆောင်ရမည်၊ မည်သူသည် ထိုကတိခံဝန်ချက်မရှိဟူ၍ ခွဲခြားသတ်မှတ်ရန် အခက်အခဲရှိပါကြောင်း။

တာဝန်ထမ်းဆောင်ရာဒေသများတွင် ကာလ (၂)နှစ်ပြည့်ပြီးပါက အပြောင်းအရွှေ့ လျှောက်ထားနိုင်သဖြင့် လျှောက်ထားသည့်နေရာလစ်လပ်လျှင် ထိုသူအား ပြောင်းရွှေ့ပေးမည်သာဖြစ်ပါကြောင်း၊ ရာထူးတိုး လျှောက်ထားသူများကိုလည်း

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ဆန္ဒပြုဒေသနှင့် ရာထူးနေရာလစ်လပ်လျှင် ကြီးစဉ်ငယ်လိုက်အရ အခြားသော ခရိုင်အတွင်းရှိ မြို့နယ်များသို့ ရာထူးတိုး ပြောင်းရွှေ့ပေးရပါကြောင်း၊ သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူချိန်တွင် ဝေးလံခက်ခဲဒေသများရှိ သတ်မှတ်အရည်အချင်းကိုက်ညီသူများအနေဖြင့် အချိန်မီမသိရှိခြင်း၊ သိရှိချိန်တွင် လျှောက်လွှာလက်ခံရက်ထက် ကျော်လွန်သွားခြင်းတို့ကြောင့် သင်တန်းတက်ရောက်ခွင့်ဆုံးရှုံးရပါကြောင်း၊ ၂၀၁၁ ခုနှစ် ဒီဇင်ဘာတွင် ဖွင့်လှစ်မည့် ပညာရေးကောလိပ် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာသင်တန်းအတွက် ဩဂုတ် ၂၃ ရက်နှင့် ၂၆ ရက်တို့တွင် ထုတ်ဝေသည့် သတင်းစာများတွင် ထည့်သွင်းကြော်ငြာပြီးဖြစ်ပါကြောင်း။

သို့ဖြစ်၍ သာမန်အားဖြင့် ခက်ခဲဒေသများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ရမှတ်လျှော့ပေါ့စဉ်းစားရန် မူအားဖြင့် လက်ခံဆောင်ရွက်လျက် ရှိပါကြောင်းနှင့် မိမိဒေသတွင်ပင် တာဝန်ထမ်းဆောင်ပါမည်ဟူသော ကတိဝန်ခံချက်ဖြင့် တက်ရောက်ခွင့်ပြုရန်မှာ ရေရှည်ထိန်းသိမ်းဆောင်ရွက်ရန် အခက်အခဲရှိနိုင်ပါသဖြင့် တင်သွင်းလာသည့်အဆိုအပေါ် ပြန်လည်သုံးသပ်၍ မှတ်တမ်းတင်သင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် ဒေါ်ဒွဲဘူက ၎င်း၏ အဆိုအား မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြရာ လွှတ်တော်က အဆိုနှင့် စပ်လျဉ်း၍ မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ဩဂုတ် ၂၉ ရက်တွင် တင်သွင်းပြီး လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဆုံးဖြတ်ထားသည့် **"ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်းကို စက်တင်ဘာ ၁၂ ရက်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

ဒုတိယပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို မွန်းလွဲ ၂ နာရီတွင်ရပ်နားပြီး အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို စက်တင်ဘာ ၉ ရက်နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း ပေါင်းစည်းလယ်ယာဆောင်ရွက်ရန် အလှူငွေပေးအပ်ပွဲ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၈

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၏ ချင်းပြည်နယ် ဟားခါးမြို့ သီမစ်ဒေသတောင်သူလယ်သမား ပေါင်းစည်းလယ်ယာဆောင်ရွက်ရန် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၇ ရက် ညနေ ၃ နာရီတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၏ အလှူငွေကျပ် ၄၆ သိန်းကို ပြည်ထောင်စုဝန်ကြီး ကိုယ်စား ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ သီမစ်ဒေသ တောင်သူဦးကြီး ဦးထာကျုံးဘိခ်က လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

(သတင်းစဉ်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း ဟားခါးမြို့ သီမစ်ဒေသ တောင်သူလယ်သမား ပေါင်းစည်းလယ်ယာဆောင်ရွက်ရန် အလှူငွေများကို သီမစ်ဒေသ တောင်သူဦးကြီး ဦးထာကျုံးဘိခ်ထံ ပေးအပ်စဉ်။ (သတင်းစဉ်)

ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

နိုင်ငံစီးပွားဖွံ့ဖြိုးမှုတွင်အရေးပါသည့် ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စနစ်တကျ အကောင်အထည်ဖော်သွားမည်

ပလက်ဝမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို (၅၀)ဝပ် စက်အသစ် အမြန်ဆုံးလဲလှယ်တပ်ဆင်ပေးမည်

မြန်မာနိုင်ငံအနှံ့ မည်သည့်ဒေသမဆို ဖမ်းယူနိုင်သည့် DTH-Direct to Home စနစ် ထုတ်လွှင့်ပေးနေပြီ

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၈

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ယနေ့နံနက်(၁၀)နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၁၂) ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေက **"ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပါလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်ပြဋ္ဌာန်းချက်များနှင့်အညီ ဘဏ်လုပ်ငန်းများကို မည်သည့်အတိုင်းအတာအထိ သက်ဆိုင်ရာပုဂ္ဂလိကအပိုင်းက လုပ်ကိုင်ဆောင်ရွက်နိုင်ပြီဆိုသည်ကို သိရှိလိုပါကြောင်း၊ ကျေနပ်ဖွယ်ရာ အတိုင်းအတာအထိ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းမရှိသေးပါက ပုဂ္ဂလိကဘဏ်များကို ဥပဒေနှင့်အညီ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ် မြန်မြန်ရောက်ရှိအောင် လုပ်ကိုင်ဆောင်ရွက်ပေးသွားမည့် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ မေးမြန်းရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက ပုဂ္ဂလိကဘဏ်များအနေဖြင့် နိုင်ငံတော်မှပြောင်းလဲကျင့်သုံးသော ဈေးကွက်စီးပွားရေး မူဝါဒများနှင့်အညီ ငွေရေးကြေးရေးစနစ်ကို ပြုစုပျိုးထောင်နိုင်ရန်နှင့် ဘဏ်လုပ်ငန်းကဏ္ဍ၏ ငွေကြေးစွမ်းဆောင်မှုအရည်အသွေးမြင့်မားစေရန် ရည်သန်၍ တည်ဆဲမြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့်အညီ သီးသန့်ငွေသားလိုအပ်ချက် (Reserve Requirement)၊ ငွေကြေးလွယ်ကူမှုလိုအပ်ချက် (Liquidity Requirement)၊ မတည်ငွေရင်းလုံလောက်မှု လိုအပ်ချက် (Capital Adequacy Requirement)တို့အား စီမံခန့်ခွဲပြီး အပ်ငွေများလက်ခံခြင်း၊ ချေးငွေများထုတ်ချေးခြင်းနှင့် အခြားသော ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား သက်ဆိုင်ရာ ဘဏ်ဒါရိုက်တာအဖွဲ့မှ လွတ်လပ်စွာ ဆောင်ရွက်လျက်ရှိကြပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပုဂ္ဂလိကဘဏ်များအား ငွေရေးကြေးရေးတောင့်တင်းခိုင်မာမှုရှိစေရန်အတွက် ကြီးကြပ်စစ်ဆေးမှုများပြုလုပ်လျက်ရှိပြီး သတ်မှတ်ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းပုဂ္ဂလိကဘဏ်များ၏ နေ့စဉ်စာရင်းဇယားများကို ပေးပို့စေ၍ ဘဏ်များအားလုံး၏ နေ့စဉ်ဘဏ္ဍာရေးအခြေအနေနှင့် အပတ်စဉ်၊ လစဉ် ဘဏ္ဍာရေးအခြေအနေများကို နေ့စဉ်စောင့်ကြည့်စိစစ်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍသည် တည်တည်ငြိမ်ငြိမ်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိပါကြောင်း။

နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသော မူဝါဒဆိုင်ရာလမ်းညွှန်ချက်များကို အထောက်အကူပြုနိုင်ရန်၊ ပြည်တွင်းပြည်ပတွင် မြန်မာကျပ်ငွေတန်ဖိုး ပိုမိုတည်တံ့ခိုင်မာရန်အတွက် ချမှတ်ထားသော မူဝါဒဘောင်အတွင်းမှ ဘဏ်များအချင်းချင်း ပူးပေါင်းညှိနှိုင်း ဆောင်ရွက်နိုင်ရန်၊ ဘဏ်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေး၊ ဘဏ်တစ်ခုနှင့်တစ်ခု ကူညီရိုင်းပင်းရေးနှင့် ဘဏ်များ၏အကျိုးကို ပံ့ပိုးဆောင်ရွက်ပေးရေးအတွက် ဦးဆောင်မှုပေးနိုင်ရန်၊ ပြည်သူများအနေဖြင့် ဘဏ်လုပ်ငန်းစနစ်ကို အသုံးပြုသည့်အလေ့အထ ပြုစုပျိုးထောင်ရန်၊ လျင်မြန်စွာပြောင်းလဲလာသည့် ဘဏ္ဍာရေးစနစ်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် အရည်အသွေးပြည့်ဝသည့် ကျွမ်းကျင်ပညာရှင်များပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် ၁၉၉၉ ခုနှစ် ဧပြီ ၁ ရက်နေ့တွင် မြန်မာနိုင်ငံဘဏ်များအသင်းကို ဖွဲ့စည်းတည်ထောင်ခဲ့ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံဘဏ်များအသင်းသည် လစဉ်ပုံမှန်အစည်းအဝေးများ ကျင်းပပြီး ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စများကို ဆွေးနွေးညှိနှိုင်း၍ ဘဏ်လုပ်ငန်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက် ရှိကြပါကြောင်း၊ ထို့ပြင် လူသားအရင်းအမြစ် (Human Resource)အတွက် မြန်မာနိုင်ငံဘဏ်များအသင်းက တည်ထောင်ထားသည့် မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်းက စီးပွားရေးတက္ကသိုလ်နှင့် ပူးပေါင်း၍ ဘွဲ့လွန်ဘဏ်လုပ်ငန်းဒီပလိုမာ (Diploma in Banking - DB) သင်တန်းများကို ၂၀၀၇ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာတွင် ယနေ့အထိ ဘွဲ့လွန်ဘဏ်လုပ်ငန်းဒီပလိုမာ (DB) ရရှိသူ (၁၂၃)ဦးမှာ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဘွဲ့များရရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်းက (DB)အချိန်ပြည့် (၁)နှစ်သင်တန်း၊ အချိန်ပိုင်း (၂)နှစ်သင်တန်းများ ဖွင့်လှစ်ပြီး (DB)ဘွဲ့ရများ မွေးထုတ်ပေးနေသကဲ့သို့ အထွေထွေဘဏ်လုပ်ငန်းသင်တန်းများကိုလည်း ရက်သတ္တ(၁၀)ပတ်ကြာဖွင့်လှစ်ပြီး ဘဏ်လုပ်ငန်းဆိုင်ရာသင်တန်းများ ပို့ချပေးလျက်ရှိပါကြောင်း။

ထို့အပြင် ဘဏ်လုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ငွေရေးကြေးရေးဆိုင်ရာ မူဝါဒများနှင့်ပတ်သက်၍ နိုင်ငံအတွင်းရှိ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များက လိုက်နာမှု ရှိ/မရှိ ကြီးကြပ်စစ်ဆေးရန်၊ ဘဏ္ဍာရေးစနစ်ကို မြှင့်တင်နိုင်ရန်နှင့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများ၏စွမ်းဆောင်ရည်တိုးမြှင့်ရန် ရည်ရွယ်လျက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ဘဏ်များကြီးကြပ်ရေးကော်မတီအဖွဲ့ကို ၁၃-၆-၂၀၀၅ ရက်နေ့တွင် ဖွဲ့စည်း၍ ညွှန်ကြားချက်များ၊ အမှာစာများထုတ်ပြန်ကာ ဘဏ်များကို ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းကဲ့သို့ စနစ်တကျဖြင့် ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိခြင်းကြောင့် ဘဏ်လုပ်ငန်းများ တည်တည်ငြိမ်ငြိမ်ဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၁၉၉၂-၁၉၉၃ ဘဏ္ဍာရေးနှစ်ကစပြီး ပုဂ္ဂလိကဘဏ်များကို တည်ထောင်ခွင့်ပြုပေးခဲ့ပြီး စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘဏ်လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ရန် လိုအပ်လာသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ၂-၇-၂၀၁၁ ရက်နေ့တွင် ပုဂ္ဂလိကဘဏ်သစ် (၄) ဘဏ် တိုးချဲ့ဖွင့်လှစ်ခွင့်ပြုပေးခဲ့ပါကြောင်း၊ ထို့ကြောင့် လက်ရှိတွင် ပုဂ္ဂလိကဘဏ် (၁၉) ဘဏ်မှ နိုင်ငံတစ်ဝန်း ဘဏ်ခွဲ စုစုပေါင်း (၃၀၅) ခု ဖွင့်လှစ်ထားရှိပြီး ဘဏ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအခါ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ICT နည်းပညာများ အသုံးပြုလျက်ရှိပြီး ရုံးချုပ်နှင့် ဘဏ်ခွဲများအကြား MPT Satellite, IP Star နှင့် ADSL အသုံးပြုပြီး ကွန်ရက်ချိတ်ဆက်၍ ဘဏ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘဏ်များမှ ယခင်က Fax ဖြင့်သာ ငွေလွှဲပေးပို့နိုင်သော်လည်း ယခုအခါ ခေတ်နှင့်အညီ Online ဖြင့် ငွေလွှဲခြင်းများ ဆောင်ရွက်နိုင်ပြီး ဖြစ်သည့်အပြင် Online E-Banking System ကိုလည်း ပြီးပြည့်စုံစွာ လုပ်ကိုင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘဏ်လုပ်ငန်းစနစ်များ လွယ်ကူလျင်မြန်စေရေးအတွက် ဘဏ်များကြီးကြပ်ရေးကော်မတီမှ ၂၀-၉-၂၀၀၇ ရက်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အပါအဝင် နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိက ဘဏ်များပါဝင်သည့် Banking Network ကော်မတီကိုဖွဲ့စည်းခဲ့ပြီး ဘဏ်များအားလုံးပါဝင်သည့် Banking Network တည်ဆောက်ကာ ပထမအဆင့် စာပေးစာယူဆောင်ရွက်နိုင်ရန် Bank Mail နှင့် File Transfer Protocol(FTP)၊ ဘဏ်များအား ကြီးကြပ်ရန်အတွက် Online Financial Reporting နှင့် ဘဏ္ဍာငွေလွှဲပြောင်းနိုင်ရန် Electronic Funds Transfer (EFT) တို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဒုတိယအဆင့်အနေဖြင့် ဘဏ်များ၏ ချက်လက်မှတ်များကို အလိုအလျောက် စာရင်းရှင်းလင်းပေးခြင်း (Automated Clearing House-ACH) ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နေပါကြောင်း။

ထိုသို့ ဆောင်ရွက်ပြီးပါက ချက်လက်မှတ်နှင့် P.O များအား စာရင်းရှင်းလင်းမှု ပိုမိုမြန်ဆန်လာမည်ဖြစ်ပြီး ဘဏ်နှင့် ဆက်သွယ်သူ (Customer) များအား ငွေသားသုံးစွဲမှုလျှော့ချနိုင်ကာ ငွေကြေးစီးဆင်းမှု မြန်ဆန်လာမည်ဖြစ်ပါကြောင်း၊ ယခုအခါ ချက်လက်မှတ်များ အသုံးပြုရာ၌ (Customer) များ၏ ယုံကြည်မှုရရှိစေရေးအတွက် ဘဏ်များမှ Certified Cheque များကို အသုံးပြုလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံဘဏ်များအသင်းအနေဖြင့် နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များ ပါဝင်သည့် ငွေပေးချေမှုအဆင့်မြှင့်တင်ရေးကော်မတီအား ၁၂-၁၀-၂၀၁၀ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး လက်ရှိ ငွေသားနှင့်ပေးချေမှုများ လျှော့ချနိုင်ရေး၊ အသေးစားနှင့် အလတ်စားငွေပေးချေမှုများအတွက် နိုင်ငံတကာငွေပေးချေမှု နည်းစနစ်များနှင့်အညီ ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး ဘဏ်များအားလုံးတွင် သုံးစွဲနိုင်သည့် ပြည်တွင်းသုံးငွေကြေးနှင့်Myanmar Payment Union Card (MPU- Debit Card) အပါအဝင် အခြား e-payment Card များ အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာ့အာမခံလုပ်ငန်းကလည်း ဘဏ်လုပ်ငန်းကဏ္ဍတည်ငြိမ်မှုကို အထောက်အကူပြုနိုင်ရေးအတွက် ဘဏ်များသို့ ပိုမိုတိုးတက်ဝင်ရောက်လာလျက်ရှိသော အပ်ငွေများ ဆုံးရှုံးမှုမရှိစေရေးနှင့် အကာအကွယ်ပေးနိုင်ရေးအတွက် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် အပ်ငွေအပေါ် အာမခံထားခြင်းအား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဘဏ်လုပ်ငန်း စနစ်တကျဖြင့် ဖွံ့ဖြိုးတိုးတက်စေရန်၊ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဘဏ်လုပ်ငန်းကဏ္ဍ ဟန်ချက်ညီညီ လိုက်ပါနိုင်ရန်အတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဘဏ်လုပ်ငန်းတိုးချဲ့ရေးစီမံချက် ရေးဆွဲထားရှိပြီး ဘဏ်လုပ်ငန်းဈေးကွက်အနေအထားနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် မူတည်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဘဏ်ခွဲများ ဖွင့်လှစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ထို့အပြင် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုအသစ် (Banking New Products) များကိုလည်း ဆက်လက်ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုတွင် အရေးပါသည့် ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် မေးခွန်းတွင်ပါဝင်သည့် အချက်အလက်များသည် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲဖြစ်သည့်အပြင် ဆက်လက်ဆောင်ရွက်သွားရန် အစီအစဉ်များ ဆောင်ရွက်ထားရှိပြီးဖြစ်ခြင်းကြောင့် ပုဂ္ဂလိကဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်းက **"ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ(၃၆၂)အရ နိုင်ငံတော်က အသိအမှတ်ပြုထားသော ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ၊ နတ်ကိုးကွယ်သည့်ဘာသာများ ပိုင်ဆိုင်ခဲ့သည့် အဆောက်အအုံများ၊ မြေကွက်များ၊ ပစ္စည်းများကို သက်ဆိုင်ရာသာသနာပိုင်အဖြစ် အသိအမှတ်ပြုနိုင်ရန် မည်သို့ဆောင်ရွက်ရမည်ကို သိရှိလိုပါကြောင်း၊ ပုဒ်မ(၃၆၃)တွင် နိုင်ငံတော် အသိအမှတ်ပြုထားသော ဘာသာ၊ သာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်ဟု ဖော်ပြထားပါကြောင်း၊ မည်သို့မည်ပုံ ကူညီစောင့်ရှောက်မည်ကို သိရှိလိုပါကြောင်း၊ နိုင်ငံတော်တွင် အသိအမှတ်ပြုသည့် ဘာသာအမည်များနှင့် ကိုးကွယ်ယုံကြည်သူဦးရေကို သိရှိလိုပါကြောင်းနှင့် ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူဘာသာများကိုလည်း မြန်မာ့ရုပ်မြင်သံကြား MRTV မှ တစ်လတစ်ကြိမ် ဘာသာရေးတရားများ ပုံမှန် ဟောပြောခွင့် ရရှိရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်း၍ မေးမြန်းရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က အဆောက်အအုံ၊ ပစ္စည်းများကို သက်ဆိုင်ရာ ဘာသာရေးအဖွဲ့အစည်းက စီမံဆောင်ရွက်ခဲ့သောကိစ္စဖြစ်ပါက ၎င်းအဖွဲ့၏ အစီအစဉ်အတိုင်းဖြစ်ပြီး မြေကွက်နှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒေသအလိုက် အစိုးရမြေ၊ လယ်မြေ၊ ယာမြေ၊ စားကျက်မြေ၊ သစ်တောမြေ၊ ဥယျာဉ်ခြံမြေ၊ ဂရန်မြေ စသည့်မြေအမျိုးအစားများရှိရာ အားလုံးသည် နိုင်ငံတော်ပိုင်မြေဖြစ်ပါကြောင်း၊ ယင်းတို့အနက် ယခင်အစဉ်အလာအရ အခွန်လွတ်သတ်မှတ်ပြီး သာသနာ့မြေအဖြစ် ထပ်မံလျှောက်ထားသဖြင့် သတ်မှတ်ပေးထားသော သာသနာ့မြေအမျိုးအစားများလည်း ပါဝင်၍ မည်သည့်မြေအမျိုးအစားမျှ နိုင်ငံတော်ပိုင်မှထုတ်နုတ်၍ သာသနာပိုင်မြေဟု မရှိပါကြောင်း၊ ဘာသာသာသနာကိစ္စဆောင်ရွက်နေသောမြေများကို ပိုင်ဆိုင်မှုအထောက်အထား သက်ဆိုင်ရာ ထောက်ခံချက်များနှင့် ပြည့်စုံပါက အခွန်လွတ်သာသနာ့မြေအဖြစ် လျှောက်ထားနိုင်ကြောင်း၊ သို့သော် နိုင်ငံတော်၏ စီမံကိန်းကြီးများနှင့် နိုင်ငံတော်၏ လိုအပ်ချက်များ ပေါ်ပေါက်လာပါက ဗုဒ္ဓဘာသာအပါအဝင် ကျန်ဘာသာအားလုံး၏ သာသနာအဆောက်အအုံ၊ သာသနာမြေ၊ သာသနိကပစ္စည်းများကို အစားထိုးပြောင်းရွှေ့နေရာချထားခြင်းမျိုး ဆောင်ရွက်ရသည်များ ရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်အဆက်ဆက် နှစ်စဉ် ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ၊ နတ်ကိုးကွယ်သူများအတွက် သင့်တင့်သော ငွေကြေးထောက်ပံ့ပေးလျက်ရှိသည့်အပြင် ဘာသာရေးခေါင်းဆောင်များအတွက် ကုန်း/ရေ (ပြည်တွင်း)အခမဲ့ယာဉ်စီးခွင့်လက်မှတ်ထုတ်ပေးထားပြီး လိုအပ်သော မြေကွက်ရရှိရေးနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအထောက်အထားနှင့် သက်ဆိုင်ရာ ထောက်ခံချက်များ ပြည့်စုံပါက အခွန်လွတ်သာသနာ့မြေရရှိရေး ပြည်ထဲရေးဝန်ကြီးဌာနသို့ ဆက်လက်ထောက်ခံဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အသိအမှတ်ပြုသော ဘာသာများမှာ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် အခြားဘာသာများဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ စာရင်းအရ ကိုးကွယ်ယုံကြည်သူဦးရေမှာ ဗုဒ္ဓဘာသာဝင်ဦးရေ (၅၃ ဒသမ ၄၂)သန်းကျော်၊ ခရစ်ယာန်ဘာသာဝင်ဦးရေ(၂ ဒသမ ၉၈)သန်းကျော်၊ အစ္စလာမ်ဘာသာဝင်ဦးရေ (၂ ဒသမ ၂၇)သန်းကျော်၊ ဟိန္ဒူဘာသာဝင်ဦးရေ (၀ ဒသမ ၃)သန်းကျော်နှင့် အခြားဘာသာဝင် (၀ ဒသမ ၇၉)သန်းကျော်ရှိပါကြောင်း။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အတွင်း ကိုးကွယ်ရန်ဘာသာများအဖြစ် အသိအမှတ်ပြုထားသော ဘာသာအားလုံးနှင့်ပတ်သက်၍ သက်ဆိုင်ရာဘာသာအလိုက် အချိန်မှန်ထုတ် ဂျာနယ်၊ မဂ္ဂဇင်း ထုတ်ဝေခွင့်များ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ စသည့် ဘာသာဝင်များ၏ သက်ဆိုင်ရာပြက္ခဒိန်ထုတ်ဝေခွင့်များကို ခွင့်ပြုပေးထားပါကြောင်း၊ ထို့အပြင် အခါအားလျော်စွာ ထုတ်ဝေလိုသော ဘာသာရေးစာအုပ်စာစောင်မျိုး ရှိလာပါကလည်း တင်ပြထုတ်ဝေသည့်စနစ်ဖြင့် ပုံနှိပ်ထုတ်ဝေခွင့်ပြုပေးလျက်ရှိပြီး ယခုလတ်တလော တင်ပြထုတ်ဝေသည့်စနစ်၌ ခရစ်ယာန်ဘာသာနှင့်ပတ်သက်၍ ကရင်နှစ်ခြင်းအမျိုးသမီးနိုးဆော်စာအုပ်၊ ယေရှုထမြောက်ပြီးစာအုပ်များ၊ အစ္စလာမ်ဘာသာနှင့်ပတ်သက်၍ ဒါအီမှတ်စု၊ အမျိုးသမီးများနမာဇ်ဖတ်နည်းစာအုပ်များ၊ ဟိန္ဒူဘာသာနှင့်ပတ်သက်၍ တမီလ်အမျိုးသားတို့၏ နီတိမာလာ၊ စသ်စင်္ဂယုဋ္ဌကစာအုပ်များကို ပုံနှိပ်ထုတ်ဝေခွင့်ပြုပေးလျက်ရှိပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသမှုနှင့်ပတ်သက်၍လည်း ဘာသာများ၏ နေ့ထူးနေ့မြတ်အခမ်းအနားများတွင် နိုင်ငံတော်အကြီးအကဲများနှင့် သာသနာရေးဝန်ကြီးတို့မှ တက်ရောက်အားပေးချီးမြှင့်လျက်ရှိပြီး ယင်းအခမ်းအနားကျင်းပမှုများကို မီဒီယာများတွင် သတင်းထုတ်ပြန်ပေးလျက်ရှိပြီး နောင်တွင်လည်း ဘာသာများ၏ နေ့ထူးနေ့မြတ်များ၌ ဘာသာရေးတရားများကိုသင့်တော်သောအချိန်တွင် အချိန်အတိုင်းအတာတစ်ခုသတ်မှတ်ထုတ်လွှင့်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့က ပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ရှေးဦးစွာ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသက်လင်း၏ **"ယခုအခါတွင် ညောင်တုန်းမြို့၏ မြစ်ကမ်းပါးသည် မြို့တာနှင့် ကပ်လျက်အနေအထားတွင် ရောက်ရှိနေပါကြောင်း၊ ညောင်တုန်းမြို့တာအရှည်သည် ပေ (၁၂၅၀၀) ရှည်လျားပြီး ပေပေါင်း (၆၀၀၀) ကျော်သည် ပန်းလှိုင်မြစ်နှင့် ထိစပ်နေပါကြောင်း၊ သို့ဖြစ်ပါ၍ ညောင်တုန်းမြို့ မြစ်ကမ်းပါး ရေတိုက်စားမှုလျော့ပါးစေရေးအတွက် ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်း**

စာမျက်နှာ ၇ ကော်လံ ၁ သို့

✤ စာမျက်နှာ ၆ မှ

များအား မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း" မေးခွန်းနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၊ ညောင်တုန်းမြို့သည် ရန်ကုန်မြို့မှ ကုန်းလမ်းအားဖြင့် (၃၄)မိုင်၊ ရေလမ်းအားဖြင့် (၆၈)မိုင် ကွာဝေးပြီး ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာ ပန်းလှိုင်မြစ်ဝအနီး မြစ်ကမ်းနဖူးပေါ်တွင် တည်ရှိသောမြို့ဖြစ်ပြီး ပန်းလှိုင်မြစ်မှာ ရန်ကုန်မြို့ဆိပ်ကမ်းသို့ ရေယာဉ်များ ဝင်ထွက်သွားလာနေသော ရေလမ်းကြောင်းလည်း ဖြစ်ပါကြောင်း၊ ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ်မှာ MSL (Mean Sea Level) အထက် (၂၂ ဒသမ ၅)ပေ (၆ ဒသမ ၈၅)မီတာခန့်ဖြစ်ပြီး မြေမျက်နှာပြင်အမြင့်မှာ MSL အထက် ပေ (၂၀)၊ (၆)မီတာခန့်သာရှိသဖြင့် မိုးရာသီတွင် မြို့မှာ ရေမျက်နှာပြင်အောက် (၃)ပေခန့်နိမ့်ကျနေသည့်အတွက် မြို့ကို တာဖြင့် ကာကွယ်ထားပါကြောင်း၊ ဖို့တာအမြင့်မှာ MSLအထက် (၂၉)ပေ၊ (၉)မီတာဖြစ်ပြီး ၂၀၀၄ ခုနှစ် ရေကြီးချိန်တွင် အများဆုံးရောက်ခဲ့သည့်အမြင့်မှာ MSL အထက် (၂၆)ပေ (၈)မီတာ ဖြစ်၍ မြို့ပေါ်ရပ်ကွက်များနှင့် စိုက်ပျိုးမြေများ ရေလွှမ်းမိုးပြီး ပျက်စီးမှုမရှိစေရေးအတွက် ၁၉၃၀ ခုနှစ်ခန့်မှစ၍ ပန်းလှိုင်မြစ်ကမ်းတွင် မြို့ပတ်တာကို မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ဆောင်ရွက်၍ ကာကွယ်ပေးခဲ့ကြောင်း။

ရေများချိန် ဧရာဝတီမြစ်မှ ပန်းလှိုင်မြစ်အတွင်း စီးဝင်သည့် ရေစီးအားများခြင်းနှင့် ပန်းလှိုင်မြစ်အဝင်ဝတွင် တည်ရှိသော ညောင်တုန်းမြို့မှာ မြစ်ကွေ့၏ အပြင်တွင် တည်ရှိခြင်းကြောင့် ရေတိုက်စားကမ်းပြိုမှုများ နှစ်အလိုက်ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ အများဆုံးရေတိုက်စားခံရသည့်အပိုင်းမှာ ၁၂ လမ်းမှ ၄၁ လမ်း (ဇက်ဆိပ်) အထိ အလျားပေ ၅၀၀၀ ခန့်ဖြစ်ပါကြောင်း၊ ဇက်ဆိပ်မှ ၃၁ လမ်းအထိ ပန်းတာများဖြင့် ကာကွယ်ထားပြီးဖြစ်ပါကြောင်း၊ တာနှင့် အနီးဆုံးဖြစ်သည့် (၃၁)လမ်းမှ (၁၂)လမ်းအထိ ခန့်မှန်းစုစုပေါင်း အလျားပေ(၃၅၀၀) ကမ်းပြိုမှုအပိုင်းအား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၁၉၉၇-၁၉၉၈ ခုနှစ် ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ ရရှိသော ရန်ပုံငွေစုစုပေါင်း (၄၇၄ ဒသမ ၅၄)သန်းဖြင့် ကမ်းထိန်းလုပ်ငန်းများ နှစ်အလိုက် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ပေ (၁၃၀) ဆောင်ရွက်ရန် လျာထားပါကြောင်း။

အဆိုပါလုပ်ငန်းများ နှစ်အလိုက် ကာကွယ်ဆောင်ရွက်ပေးထားသည့်အတွက် ညောင်တုန်းမြို့အား ရေလွှမ်းမိုးမှုအန္တရာယ်မှ ကင်းဝေးစေခဲ့ပါကြောင်း၊ ညောင်တုန်းမြို့တွင် တာအရှည် ပေ(၁၂၅၀၀) ရှိသည့်အနက် ပေ (၆၀၀၀) ကျော်သည် ပန်းလှိုင်မြစ်နှင့် ထိစပ်နေရာ မြစ်ကမ်းပါးတစ်လျှောက် မြေထိန်းတမံများ တည်ဆောက်ပေးရန်နှင့် ကမ်းထိန်းကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်မှာ လုပ်ငန်းပမာဏကြီးမားသဖြင့် နိုင်ငံတော်၏ နှစ်အလိုက် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးနေရာ ရွေးချယ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး၏ **"စစ်တွေမြို့နှင့် မြောက်ဦးမြို့ သင်္ဘောဆိပ်ကမ်းများကို သန့်ရှင်းသပ်ရပ်ပြီး အန္တရာယ်ကင်းအောင် စနစ်တကျပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း"** နှင့် **"စစ်တွေလေဆိပ်ကို နိုင်ငံတကာလေဆိပ်အဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးခွန်းများနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စစ်တွေဆိပ်ကမ်းတွင် ခရီးသည်နှင့် ကုန်စည်များ တင်/ချ ပြုလုပ်ရန်အတွက် မင်းဂံတံတား၊ ဖောင်တော်ကြီးတံတားနှင့် အမှတ်(၂) ဘုတ်ဆိပ်တံတား စုစုပေါင်း တံတား (၃)စင်း တည်ဆောက်ထားခဲ့ပြီး မင်းဂံတံတားတွင် ငါးဖမ်းစက်လှေများနှင့် ကုန်တင်စက်လှေများသည်လည်းကောင်း၊ ဖောင်တော်ကြီးတံတားတွင် ကမ်းရိုးတန်းသွား သင်္ဘောများသည်လည်းကောင်း၊ ဆတ်ရိုးကျချောင်းအတွင်းရှိ အမှတ်(၂) ဘုတ်ဆိပ်တံတားတွင် မြစ်တွင်းသွား သင်္ဘောများသည်လည်းကောင်း ဆိုက်ကပ်အသုံးပြုလျက်ရှိပါကြောင်း။

ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားသော စစ်တွေနှင့် မြောက်ဦးခရီးစဉ်သွား သင်္ဘောများ ဆိုက်ကပ်အသုံးပြုသည့် စစ်တွေဆိပ်ကမ်း၏ ဆတ်ရိုးကျချောင်းအတွင်းရှိ အမှတ်(၂) ဘုတ်ဆိပ်တံတားကို ၁၉၅၇ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး အလျားပေ (၁၄၀)၊ အနံ (၁၂)ပေ ချဉ်းကပ်တံတား (၂)လက် ပါဝင်သည့် အလျား (၄၅)ပေ၊ အနံ (၁၂)ပေ အရွယ်အစားရှိ သစ်သားတံတား အမျိုးအစားဖြစ်၍ အဆိုပါတံတားတွင် ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် အလျားပေ (၆၀)၊ အနံ (၂၁)ပေရှိ ခရီးသည်နားနေဆောင်(၂)ခုကို တည်ဆောက်ထားပါကြောင်း။

တံတားပြုပြင်ထိန်းသိမ်းရေးအတွက် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် အကြီးစားပြုပြင်မွမ်းမံခြင်းကို ငွေကျပ် ၅၄ သိန်းကျခံ၍ ဆောင်ရွက်ပေးခဲ့ပြီး တံတားလုံခြုံရေးအတွက် တံတားအနီးပတ်ဝန်းကျင် ပေ(၁၃၀)အား သံဆူးကြိုးနှင့် သံပြားပေါက်ခြံစည်းရိုး ကာရံထားရှိကာ ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ဆိုက်ကပ်နိုင်ရန်အတွက် တံတားရှေ့ ရေဒေသတွင် ရေစူး(၆)ပေ ရရှိစေရေးအတွက် ဌာနပိုင် သောင်တူးရေယာဉ်ဖြင့် သောင်တူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြောက်ဦးမြို့တွင် သင်္ဘောများဆိုက်ကပ်အသုံးပြုနေသော တံတားမှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဆိပ်ကမ်းနယ်နိမိတ်ပြင်ပတွင် တည်ရှိသဖြင့် သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ပြည်နယ်ဌာနခွဲသည် စစ်တွေမြို့၌ စစ်တွေ-ဘူးသီးတောင်၊ စစ်တွေ-မြောက်ဦး၊ စစ်တွေ-တောင်ကုတ်၊ တောင်ကုတ်-မာန်အောင် ခရီးစဉ်(၄)ကြောင်းအား ဌာနခွဲရှိ ရေယာဉ်/ တွဲယာဉ်(၂၁)စီးဖြင့် ပြေးဆွဲလျက်ရှိပြီး စစ်တွေ-မြောက်ဦးခရီးစဉ်အား ခရိုင်ရေယာဉ်နှင့် သံသာရေယာဉ်အမျိုးအစားများဖြင့် တစ်ပတ်လျှင် (၂)ရက် (အင်္ဂါနှင့် သောကြာ)နေ့များတွင် ပြေးဆွဲပေးလျက်ရှိပါကြောင်း။

လက်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရေယာဉ်များ ဆိုက်ကပ်နေသည့် မြောက်ဦးမြို့ဆိပ်ကမ်းမှာ သစ်သားတံတားဖြစ်ပါကြောင်း၊ အဆိုပါ သစ်သားတံတား အပြင် ယခု ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း ခွင့်ပြုရန်ပုံငွေ(၁၂၉)သိန်းဖြင့် အလျားပေ(၅၀)၊ အနံ (၁၀)ပေနှင့် အလျားပေ(၂၀)၊ အနံ (၈)ပေရှိ ချဉ်းကပ်တံတားပါရှိသည့် ကွန်ကရစ်ဆိပ်ခံတံတား အသစ်(၁)စင်းကို ထပ်မံတည်ဆောက်ပေးသွားမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ စစ်တွေမြို့နှင့် မြောက်ဦးမြို့များရှိ သင်္ဘောဆိပ်တံတားများကို ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာဖြင့် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် နိုင်ငံတော်မှ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စစ်တွေလေယာဉ်ကွင်းသည် ဒုတိယကမ္ဘာစစ်အတွင်းက သံပြားပေါက်များ ခင်းထားသော စစ်သုံးလေယာဉ်ကွင်း တစ်ကွင်းသာဖြစ်၍ ၁၉၄၇ ခုနှစ် ဇူလိုင်လ(၂၄) ရက်နေ့တွင် International Aero Limited(IAL) ကုမ္ပဏီမှ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၉၆၀ ခုနှစ်တွင် အလျားပေ (၆၀၀၀)၊ အကျယ်ပေ(၁၅၀)ရှိ ကျောက်ကတ္တရာခင်း လေယာဉ်ပြေးလမ်းအဖြစ် တိုးချဲ့ဖောက်လုပ် အသုံးပြုခဲ့ပါကြောင်း။

မူလလေဆိပ်အဆောက်အအုံမှာ ပေ(၁၂၀×၆၀) ရှိ တစ်ထပ်သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ပေ(၂၂၀×၆၀) အဆောက်အအုံအဖြစ် တိုးချဲ့တည်ဆောက်ခဲ့ရာ ၂၀၀၂ ခုနှစ် မတ်လ(၂၂)ရက်နေ့တွင် ဖွင့်လှစ်အသုံးပြုနိုင်ခဲ့ပါကြောင်း။

လေယာဉ်ပြေးလမ်း၌ လေယာဉ်များ ဆင်း/တက် အသုံးပြုရာတွင် အန္တရာယ်ကင်းရှင်းစေရေးနှင့် လေယာဉ်ပြေးလမ်း ခံနိုင်ရည်မြင့်တင်နိုင်ရေးအတွက် လေယာဉ်ပြေးလမ်း ပေ(၆၀၀၀×၁၅၀)၊ လေယာဉ်သွားလမ်း(၅၂၅×၇၅) ပေနှင့် လေယာဉ်ရပ်နားနေရာ ပေ(၆၀၀×၃၀၀)တို့အား ကျောက်ကတ္တရာဖြင့် ညှိလွှာတင်ခြင်း၊ (၄)ပေထု နိုင်လွှန်ကတ္တရာထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ(၂၀-၅-၂၀၀၉)ရက်နေ့တွင် လေယာဉ်ပြေးလမ်းအား ဖွင့်လှစ်နိုင်ခဲ့ပြီး F-28 အမျိုးအစား ဂျက်လေယာဉ်များ ဆင်း/တက်အသုံးပြုလျက်ရှိပါကြောင်း။

စစ်တွေလေဆိပ်တွင် ပျံသန်းမှုအထောက်အကူပြု လေကြောင်းဆက်သွယ်ရေး ကိရိယာ HF, VHF၊ လေကြောင်းလမ်းပြကိရိယာ NDB၊ ညအချိန်လေယာဉ်ဆင်း/တက် အသုံးပြုနိုင်ရန် Night Landing Facilities ဖြစ်သော Airfield Lighting, Approach Lighting များနှင့် Remote Control Air Ground(RCAG) စက်များ တပ်ဆင်အသုံးပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စစ်တွေလေဆိပ်သို့ မြန်မာ့လေကြောင်းမှ နေ့စဉ်ပြေးဆွဲပျံသန်းပြီး Air Bagan လေကြောင်းမှ ရက်သတ္တ(၁)ပတ်လျှင် (၂)ရက်၊ Air Mandalay လေကြောင်းမှ ရက်သတ္တ(၁)ပတ်လျှင် (၆)ရက် ပြေးဆွဲ ပျံသန်းလျက်ရှိပါကြောင်း၊ စစ်တွေလေဆိပ်တွင် အရေးကြီးပုဂ္ဂိုလ်နားနေခန်းမ (VIP Lounge)၊ ဆိုက်ရောက်ခန်းမ(Arrival)၊ ထွက်ခွာခန်းမ(Departure)၊ ခရီးသည် ကြို/ပို့ခန်းမ(Lobby)နှင့် နိုင်ငံခြားသားဧည့်သည်များအတွက် သီးသန့်ခန်းမတို့ ဖွဲ့စည်းပါဝင်သော ပေ (၂၂၀×၆၀) သံကူကွန်ကရစ် တစ်ထပ်လေဆိပ် အဆောက်အအုံကို တည်ဆောက်ထားပြီး (၁)နှစ်လျှင် ခရီးသည်(၁၅၀၀၀၀)ခန့် ဝင်ထွက်အသုံးပြုနိုင်ရန် ရည်ရွယ်ထားပါကြောင်း။

စစ်တွေလေဆိပ်သို့ဆင်းသက်မည့် နိုင်ငံတကာမှ ပုံမှန်မဟုတ်သည့် စင်းလုံးငှား ခရီးသည်တင်လေယာဉ် (Charter Flights) ခရီးစဉ်များအတွက် ပန်ကာတပ် (သို့မဟုတ်) ဂျက်လေယာဉ်ငယ် စသည်ဖြင့် လေယာဉ်အမျိုးအစား ကန့်သတ်ကာ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လက်ရှိစစ်တွေလေဆိပ်၏ ခရီးသည် ဝင်/ထွက် သွားလာမှုမှာ (၁)နှစ်လျှင် (၉၀၀၀၀)ကျော်ခန့်သာရှိသည့်အတွက် ရှိပြီးလေဆိပ် အဆောက်အအုံနှင့်ပင် လုံလောက်မှုရှိသဖြင့် ထပ်မံတိုးချဲ့ရန် လိုအပ်မှုမရှိသေးပါကြောင်းနှင့် နောင်အနာဂတ်ကာလတွင် စစ်တွေလေဆိပ်သို့ ခရီးသည်နှင့် လေယာဉ်များ ယခုထက် တိုးတက်များပြားဆင်းသက်လာချိန်တွင် နိုင်ငံတကာလေဆိပ်အဖြစ် ဖွင့်လှစ်နိုင်ရေး စဉ်းစားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စောဖြူ မေးမြန်းစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝေ့ယိန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူ၏ **"လေးမြို့မြစ်ကြောင်း သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်ကာလတွင် စတင် အကောင်အထည်ဖော်နိုင်မည်ကို သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ လေးမြို့မြစ်သည် ချင်းပြည်နယ် မင်းတပ်ခရိုင် မတူပီမြို့နယ်တွင် မြစ်ဖျားခံ၍ မြောက်ဦးမြို့နယ်၊ မင်းပြားမြို့နယ်နှင့် ပေါက်တောမြို့နယ်များကို ဖြတ်သန်းစီးဆင်းကာ ရခိုင်ပြည်နယ် ပေါက်တောမြို့အောက်ဘက်တွင် ကုလားတန်မြစ်အတွင်းသို့စီးဝင်ပြီး မြစ်၏အလျားမှာ (၁၆၂)မိုင်ရှိပါကြောင်း၊ လေးမြို့မြစ်ကြောင်းတစ်လျှောက် စစ်တွေမြို့မှ ပေါက်တောမြို့အထိ (၁၆)မိုင်၊ စစ်တွေမြို့မှ မင်းပြားမြို့အထိ မိုင် ၄၀ ကွာဝေးပြီး ပုဂ္ဂလိက အမြန်ရေယာဉ်များ ပုံမှန်ပြေးဆွဲလျက်ရှိပါကြောင်း။

လေးမြို့မြစ်၏ နေ့စဉ်ဒီရေအတက်အကျ ကွာဟမှုမှာ ပျမ်းမျှ (၈)ပေခန့်ဖြစ်ပြီး မြစ်ကြောင်းတစ်လျှောက် စစ်တွေမြို့နှင့် မင်းပြားမြို့အကြားရှိ မင်းပြားမြို့၏ မြစ်ကြောဘက် ရေကြောင်းတစ်ခုတည်းတွင်သာ ရေတိမ်သဖြင့် ဒီရေကျချိန် ရေစောင့်ရလေ့ရှိသော်လည်း ဒီရေတစ်ဝက်တက်ချိန်တွင် ရေယာဉ်များ ချောမွေ့စွာ ဖြတ်သန်းနိုင်ပါကြောင်း။

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ပြည်နယ်ဌာနခွဲ အနေဖြင့် ၁၉၉၈ ခုနှစ် မတိုင်မီက လေးမြို့မြစ်ကြောင်းကို အသုံးပြု၍ စစ်တွေ-မင်းပြား-ပန်းမြောင် ခရီးလမ်းအား ပြေးဆွဲဆောင်ရွက်ခဲ့သော်လည်း ၁၉၉၈ ခုနှစ် နောက်ပိုင်းတွင် မင်းပြားအထက် လမ်းမရှည် ကျေးရွာအနီး ရေကြောင်းရေလမ်းနှင့် မြောင်းဘွေ့အထက် ရေကြောင်းရေလမ်း ပိတ်သွားသဖြင့် (၁၇-၄-၁၉၉၈) ရက်နေ့တွင် အဆိုပါခရီးလမ်းအား ပိတ်သိမ်းခဲ့ပြီး စစ်တွေ- မင်းပြား ခရီးလမ်းအား ဆက်လက်ပြေးဆွဲပေးခဲ့ပါကြောင်း။

စစ်တွေ-အမ်း-မင်းဘူး-ရန်ကုန် ကားလမ်းမကြီး ဖောက်လုပ်ပြီးစီး၍ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာသဖြင့် ခရီးသည်နှင့် ကုန်စည်သယ်ပို့မှုတွင် ကုန်းလမ်းခရီးကိုသာ အဓိကအသုံးပြုလာသောကြောင့် ခရီးသည်နှင့် ကုန်စည်လိုက်ပါမှု ကျဆင်းလာပြီး စီးပွားရေးတွက်ခြေကိုက်မှု မရှိသည့်အတွက် စစ်တွေ-မင်းပြား ခရီးလမ်းအား (၁-၆-၂၀၀၅) ရက်နေ့တွင် ထပ်မံ ပိတ်သိမ်းခဲ့ပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လေးမြို့မြစ်ကမ်းပေါ်ရှိ မင်းပြားမြို့ ရေတိုက်စားမှုကာကွယ်ရေး၊ ရေလမ်းကြောင်း ပြောင်းလဲရေးတို့ကို ၁၉၉၉-၂၀၀၀ ဘဏ္ဍာရေးနှစ်မှစ၍ ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် မင်းပြားမြို့ ရေတိုက်စားကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများအတွက် ကျပ် (၉၄ ဒသမ ၈၇)သန်း အကုန်ကျခံ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေအရ ကုန်းလမ်းခရီးများ ဆက်သွယ်မှုကောင်းမွန်နေသည့်အတွက် လေးမြို့မြစ်ကို အသုံးပြုပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေလမ်းခရီးများ ပြေးဆွဲပါက ခရီးသည်နှင့် ကုန်စည်လိုက်ပါမှုမရှိသောကြောင့် အသုံးစရိတ်နှင့် ဝင်ငွေပိုင်းတွင်လည်း အရှုံးသာရှိမည်ဖြစ်၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကဏ္ဍအနေဖြင့် လေးမြို့မြစ်ကြောင်းကို အသုံးပြု၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေယာဉ်များဖြင့် ခရီးစဉ်ပြေးဆွဲရန် လောလောဆယ် မရှိသေးပါကြောင်း၊ မြစ်ကြောင်းတစ်လျှောက် မြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း လတ်တလောဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် လေးမြို့မြစ်အတွင်း ဒေသခံ ရေယာဉ်အနည်းငယ်သာ ဒီရေအတက်အကျကို စောင့်ဆိုင်း၍ သွားလာလျက်ရှိပြီး ရေယာဉ်များသွားလာမှု လက်ရှိအခြေအနေထက် တိုးတက်များပြားလာသည့်အချိန်မှသာ ရေကြောင်းကန့်သတ်ချက်ရှိသည့် နေရာများကို လေ့လာတွက်ချက်၍ ပြုပြင်သင့်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ပြန်ကြားရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက တစ်ပေါင်းတည်း ပြန်လည်ဖြေကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့ယိန်း၏ **"MRTV ရုပ်သံလိုင်းကို အခြားသောမြို့နယ်များကဲ့သို့ ပလက်ဝမြို့နယ်တစ်မြို့နယ်လုံးကြည့်ရှုနိုင်အောင် အဆင့်မြှင့်တင်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် အကောင်အထည်ဖော် စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကို သိလိုပါကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ လူတစ်ယောက်ဖွံ့ဖြိုးတိုးတက်ရန်ဖြစ်စေ၊ မိသားစုတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်ဖြစ်စေ၊ ဒေသတစ်ခုနှင့် နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်ဖြစ်စေ၊ ယနေ့ခေတ်အခါတွင် ပညာ၊ နည်းပညာသည် အရေးကြီးပါကြောင်း၊ ထို့အတူ အသိဗဟုသုတ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရေးကြီးပါကြောင်း၊ ယင်းအသိဗဟုသုတလူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကအားဖြင့် ကျောင်းပညာရေးက ရပါကြောင်း၊ ထို့အတူ Printed Media ဖြစ်သည့် စာအုပ်၊ စာစောင်များ လေ့လာဖတ်ရှုခြင်းအားဖြင့်လည်းကောင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားစသည့် မီဒီယာများကို ဖမ်းယူကြည့်ရှု နားဆင်ခြင်းအားဖြင့်လည်းကောင်း ရနိုင်ပါကြောင်း၊ ဦးဝေ့ယိန်း၏ မေးခွန်းတွင် ပလက်ဝမြို့နယ်အတွင်းရှိ ပြည်သူ(၉၈)ရာခိုင်နှုန်းက ရုပ်မြင်သံကြားကို ဖမ်းယူမရရှိဟု ပါရှိပါကြောင်း၊ ပလက်ဝမြို့နယ်ရှိ လူဦးရေစုစုပေါင်း (၈၅၈၉၃)ဦး၏ (၂)ရာခိုင်နှုန်းဖြစ်သည့် လူ(၁၇၀၀)ကျော်သာ ဖမ်းယူကြည့်ရှု၍ရသည့်သဘော တွေ့ရပါကြောင်း၊ အမှန်တကယ်စိစစ်ကြည့်ရာ ပလက်ဝမြို့ပေါ်ရပ်ကွက်(၃)ခု၊ ကျေးရွာ(၇)ခုမှ လူဦးရေ (၈၀၀၀)လောက်က ရုပ်မြင်သံကြားဖမ်းယူရရှိသည့် အခြေအနေမှန်ကို ရှင်းပြလိုပါကြောင်း။

ပလက်ဝမြို့နယ်တွင် ရုပ်မြင်သံကြားဖမ်းယူရရှိစေရေးအတွက် ၁၉၉၈ ခုနှစ်မှ စတင်၍ ထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ပြီး ထုတ်လွှင့်ပေးခဲ့ပါကြောင်း၊ စက်ရုံကို အနည်းငယ်မြင့်သော မြို့၏ အနောက်ဘက်ရှိ ပေ(၄၀၀)ကျော်မြင့်သည့် တောင်ကုန်းပေါ်၌ တည်ထားပါကြောင်း၊ စက်၏ လွှင့်အားမှာ(၅၀)ဝပ်ဖြစ်ပြီး တာဝါမှာ မီတာ(၃၀) တစ်နည်းအားဖြင့် ပေ(၁၀၀)တာဝါနှင့် တပ်ဆင်ထားပါကြောင်း၊ အဆိုပါ ပေ(၁၀၀) တာဝါနှင့် လွှင့်အား(၅၀)ဝပ်ဆိုသည်မှာ နည်းပညာအရ တွဲဖက်ရမည့်အမြင့်နှင့် စက်ပင်ဖြစ်ပါကြောင်း၊ ပလက်ဝတွင်(၅၀)ဝပ်အားကို တပ်ဆင်ရသည်မှာ ထပ်ဆင့်လွှင့်စက်များတွင် ကန့်သတ်ချက်ရှိပါကြောင်း၊ စက်မှလွှင့်လိုက်သည့်အခါတွင် ဖမ်းယူရရှိနိုင်သည့် ဒေသ၏ကြား၌ မြင့်မားသည့် တောင်ကုန်းများခံနေလျှင် အရိပ်ကျဇရိယာဖြစ်ပေါ်ပြီး ၎င်းအရိပ်ကျဇရိယာအတွင်း၌ ဖမ်းယူ၍ မရနိုင်ပါကြောင်း၊ ထို့ကြောင့် မြေအခြေအနေအရ ပလက်ဝမြို့နယ်တွင် (၅၀)ဝပ်အားသည်သာ အသင့်ဆုံး၊ အကျိုးအရှိဆုံးဟု နည်းပညာအရ တွက်ချက်ပြီး တပ်ဆင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း (၃၃၀) ရှိပြီး တောတောင်ရေမြေအခြေအနေအရ အကျိုးရှိနိုင်ဆုံးသော လွှင့်အားစက်ကို နည်းပညာအရ ဆုံးဖြတ်ပြီးမှ တပ်ဆင်ရခြင်းဖြစ်ရာ အချို့နေရာများတွင် (၁၀)ဝပ်၊ (၂၀)ဝပ်၊ (၅၀)ဝပ်စက်ရုံများရှိပါကြောင်း၊ (၁၀)ဝပ်စက်ရုံ(၃၈)ရုံနှင့် (၅၀)ဝပ်စက်ရုံ (၆၈) ရုံ ရှိပါကြောင်း၊ နည်းပညာအပေါ်တွင်မူတည်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

(၅၀)ဝပ်စက်၏ လွှင့်အားသည် အချင်းဝက်(၅)မိုင်ပတ်လည်ကို Cover ဖြစ်ပါကြောင်း၊ ပလက်ဝမြို့ရှိ (၅၀)ဝပ် စက်အား ၁၉၉၈ ကတည်းက တည်ဆောက်ခဲ့၍ ယခုဆိုလျှင်(၁၃)နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ စက်များ၏ သဘောသဘာဝသည် မှတ်တမ်းအရ (၁၀)နှစ်ကျော်လျှင် ရာခိုင်နှုန်း(၂၀)လောက် လွှင့်အားလျော့သွားပါသဖြင့် ယင်း ပလက်ဝမြို့ရှိ(၅၀) ဝပ်စက်သည် ယခုအခါ (၄)မိုင်ပတ်လည်သာရသည့်အနေအထား ရှိနေပါကြောင်း၊ ထို့ပြင် အားနည်းချက်တစ်ခုမှာ လွှင့်အားမည်မျှရှိစေကာမူ ဖမ်းယူမည့်နေရာနှင့် လွှင့်စက်အကြား၌ အရိပ်ကျဇရိယာတောင်မြင့်ကြီးများခံနေလျှင် နည်းပညာအရ ဖမ်းယူ၍ မရနိုင်ပါကြောင်း။

ထို့ကြောင့် ပလက်ဝမြို့နယ်တွင် လွှင့်အားထပ်၍မြှင့်တင်ပေးလျှင်လည်း မြို့နယ်အတွင်း၌ရှိ ကျေးရွာအများစုသည် အနောက်ရိုးမ၏ တောင်ကုန်းတောင်စွယ် လျှိုမြောင်များကြား၌ ရှိနေသည့်အတွက် အများစုက အရိပ်ကျဇရိယာအတွင်း ကျရောက်နေပါသဖြင့် ပိုမိုအကျိုးရှိနိုင်သည့် အနေအထားမရှိပါကြောင်း၊ သို့ပါ၍ လွှင့်အားကျနေသည့် (၅၀)ဝပ် စက်ကို (၅၀)ဝပ်စက်အသစ်နှင့် အမြန်ဆုံးလဲလှယ်တပ်ဆင်ပေးမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနှံ့ တောတောင်လျှိုမြောင်များထဲတွင် ရှိနေကြသည့် ကျေးရွာများ၊ ဒေသများနှင့် ပလက်ဝမြို့နယ်အပါအဝင် မည်သည့်ဒေသမဆို အလွယ်တကူ ဖမ်းယူရရှိနိုင်သောနည်းဖြစ်သည့် DTH စနစ်ကို မြန်မာနိုင်ငံတွင် ထုတ်လွှင့်ပေးနေပြီ ဖြစ်ပါကြောင်း၊ DTH စနစ်ဆိုသည်မှာ Direct to home ဖြစ်၍ ဂြိုဟ်တုမှတစ်ဆင့် ထုတ်လွှင့်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် DTH စနစ်ကို ပလက်ဝမြို့နယ်သူ မြို့နယ်သားများ ဖမ်းယူကြမည်ဆိုလျှင် မည်သည့်နေရာ မည်သည့်ဒေသ၌ ရှိနေကြသည့် မည်သူမဆို ရုပ်မြင်သံကြားကို ဖမ်းယူကြည့်ရှုနိုင်ကြမည်ဖြစ်ကြောင်း၊ DTH စနစ်ကို ကျင့်သုံးထားပြီဖြစ်သည့်အတွက် ယင်းစနစ်ဖြင့် ဖမ်းယူလျှင် မည်သည့်နေရာ မည်သည့် ဒေသမဆို ဖမ်းယူရရှိနိုင်ပါကြောင်း။

DTH စနစ်ရှိနေပြီဖြစ်သည့်အတွက် လွှင့်အားမြှင့်စက်အသစ်ထပ်ပြီး တပ်ဆင်ပေးသည်နှင့် မခြားပါကြောင်း၊ ကျေးရွာတိုင်း ကျေးရွာတိုင်းတွင် တီဗွီ၊ ဗီဒီယိုစက်များ ဝယ်နိုင်ကြပါ၍ DTH စနစ်၏ ဈေးနှုန်းမှာလည်း သိပ်မကြီးသည့်အတွက် ဝယ်ယူတပ်ဆင်သွားမည်ဆိုလျှင် အားလုံးအဆင်ပြေသွားနိုင်သည့် အနေအထားရှိကြောင်း၊ **နိုင်ငံတော်အနေနှင့်လည်း ကျေးလက်ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို စီမံချက်ချမှတ်ပြီး နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်ဦးစီးပြီး ဆောင်ရွက်ပေးနေပါကြောင်း၊ မိမိတာဝန်ယူထားသည့် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင်လည်း လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပါရှိပါသဖြင့် ပလက်ဝမြို့နယ်သို့ DTH စက်(၁၀)လုံးကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း။**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✲

☆ ရှေ့ဖုံးမှ

မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပင်းတယမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ပင်းတယမြို့နယ်၏ မြို့နယ်/ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ခန့်ထားမှု၊ အိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေအခြေအနေ၊ မြေအသုံးချမှု၊ မိုးစပါး၊ နွေစပါးနှင့် ကျန်အဓိက သီးနှံကိုးမျိုး စိုက်ပျိုးထွက်ရှိမှု၊ မွေးမြူရေးလုပ်ငန်း၊ သစ်တောကဏ္ဍနှင့် ဓာတ်သတ္တုလုပ်ငန်းများ အခြေအနေ၊ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ဆောင်ရွက်မှု၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကုန်စည်ဒိုင်ဖွင့်လှစ်ရန် စီမံဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်နှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဝန်ကြီးဌာန၏ ရည်မှန်းချက် တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်မှု၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဧပြီနှင့် မေလ နှစ်လ၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၊ ကုန်သွယ်မှုတန်ဖိုးနှင့် ဝန်ဆောင်မှုတန်ဖိုးအခြေအနေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျေးလက်ဒေသ အခြေခံအစုအဖွဲ့များ စုစည်းဆောင်ရွက်ရေး တစ်နိုင်တစ်ပိုင် စိုက်ပျိုးကုန်ထုတ်လုပ်ငန်းမှ စီးပွားဖြစ် ကုန်ထုတ်လုပ်ငန်းအဖြစ်သို့ ရောက်ရှိဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အကြံပြုဆွေးနွေးတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်နိုင်ရေးအတွက် သီးနှံစိုက်ဧက တိုးချဲ့ရေးနှင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေး ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ ယာစပါး၊ လယ်စပါးနှင့် သီးနှံမျိုးကောင်းမျိုးသန့်များ သုတေသနပြု ထုတ်လုပ်ဖြန့်ဖြူးမှု၊ ဝန်ကြီးဌာနက ကူညီပံ့ပိုးပေးမည့် အခြေအနေများနှင့် အရည်အသွေး ပြည့်ဝသည့် ဓာတ်မြေဩဇာသွင်းအားစု မှန်မှန်ကန်ကန် သုံးစွဲရေး ကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် ပင်းတယမြို့မှ မြို့မိမြို့ဖ ဦးဘရွှေက ပင်းတယမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းများကို ပြုပြင်ဖောက်လုပ်ပေးခြင်း၊ ပင်းတယ-အောင်ပန်းလမ်းကို B.O.T စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုပေးခြင်း၊ ကျုံး-ရှာင်-ဟံမြင့်မိုရ်လမ်းကို အဆင့်မြင့်လမ်းအဖြစ် တိုးချဲ့ဆောင်ရွက်ပေးခြင်းတို့ကြောင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကို ပဏာမရှင်းလင်းတင်ပြပြီး ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး ပင်းတယမြို့နယ် တာဝန်ရှိသူများ၏ တင်ပြချက်များကို ပြန်လည်သုံးသပ် ဆွေးနွေးသည်။

ထို့နောက် မြို့နယ်၏ မြေယာအသုံးချမှုတိုးချဲ့ရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်သီးနှံမျိုးများ စဉ်ဆက်မပြတ် လဲလှယ်စိုက်ပျိုးရေးလုပ်ငန်းကို အစိုးရသာမက တောင်သူလယ်သမားများနှင့် သီးနှံအကျိုးပြုကုမ္ပဏီများ၊ လုပ်ငန်းရှင်များကပါ ဝိုင်းဝန်းဆောင်ရွက်ကြရေး၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ဒေသ၏ စီမံကိန်းလျာထားချက်များ အောင်မြင်ရေး၊ တစ်ဦးချင်းဝင်ငွေလျာထားချက်ပြည့်မီရေး၊ ပညာရေးကဏ္ဍတွင် မသင်မနေရ မူလတန်းပညာရေးစနစ် အောင်မြင်ရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ စဉ်ဆက်မပြတ် ပညာသင်ကြားရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ရေး၊ ပညာသင်ကြားရေးလုပ်ငန်းတိုးမြှင့်ရေးအတွက် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်း အစုအဖွဲ့များဖြင့် ဒေသတစ်ခုလုံးကို လွှမ်းခြုံ အကျိုးသက်ရောက်အောင် ဆောင်ရွက်ရေး၊ ဆေးပေးခန်းနှင့် ဆေးရုံအစုအဖွဲ့များဖြင့် ဒေသ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မြှင့်တင်နိုင်ရေး၊ အထူးသဖြင့် စာရင်းဇယားများမှန်ကန်ရေးကို အားလုံးက အလေးထား၍ ကြီးကြပ်ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက ယနေ့အချိန်တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာ (၃)ရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ တာဝန်များကို နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ပါကြောင်း၊ ခြောက်လတာကာလအတွင်း သင့်တင့်သည့်အရှိန်နှင့် လုပ်ငန်းအသားကျမှုလည်း ရရှိနေကြပြီဖြစ်ပါကြောင်း၊ သွက်လက်ထက်မြက်သည့် အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းလာအောင် ဆက်လက်ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း။

အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီး အဖွဲ့များသည်လည်း မိမိတို့ဒေသ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးလုပ်ငန်းများကို တာဝန်ယူ လုပ်ကိုင်ဆောင်ရွက်နိုင်ကြပြီဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများကို မိမိတို့အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ရန် အခွင့်အရေးများ အခြေခံဥပဒေအရ ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ ဥပဒေအရ ခွင့်ပြုပေးထားသော လုပ်ငန်းများကို မိမိတို့ဒေသအစီအစဉ်ဖြင့်သော်လည်းကောင်း၊ နိုင်ငံတော်မှ ထောက်ပံ့ငွေ၊ ချေးငွေများ ရယူခြင်းဖြင့်လည်းကောင်း ဆောင်ရွက်နိုင်ကြပါကြောင်း ပြောကြားသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန်အတွက် နိုင်ငံတော်အဆင့်၊ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြီး နည်းလမ်းများ ရှာဖွေလျက်ရှိပါကြောင်း။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများ၏ ရလဒ်အဖြစ် နိုင်ငံတော်သမ္မတဦးဆောင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး၊ မြို့ပြနှင့် ကျေးလက်ဒေသကွာဟမှု လျှော့ချရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လိုအပ်သည့် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့ပြနှင့် ကျေးလက်ဒေသများ တစ်ပြိုင်နက်တည်း မျှမျှတတဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် အခြေခံလူတန်းစားများဖြစ်ကြသည့် တောင်သူလယ်သမားများနှင့် လက်လုပ်လက်စား ပြည်သူများအတွက် အရင်းအနှီးများရရှိရေးကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဤနေရာတွင် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးသည့် ရည်ရွယ်ချက်မှာ တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်းအဆင့်မှ စီးပွားဖြစ်အဆင့်သို့ ရောက်ရှိရေးအတွက် လိုအပ်သည့် ရင်းနှီးငွေရရှိရေးအတွက် စီစဉ်ပေးခြင်းဖြစ်၍ အလွဲသုံးစားမှုများမဖြစ်ရန် ကြီးကြပ်ထိန်းသိမ်းပေးကြရန် မှာကြားလိုပါကြောင်း၊ မိမိတို့လုပ်နိုင်သည့်အဆင့်မှ စုဖွဲ့၍ စနစ်တကျအောင်မြင်အောင် ဆောင်ရွက်ကြရန်လိုပါကြောင်း၊ ကာယကံရှင်များအားလုံး သဘောပေါက်နားလည်မှုဖြင့် ပူးပေါင်းပါဝင်လာအောင် စည်းရုံးဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ မိမိတို့အစပျိုးဆောင်ရွက်မှု အောင်မြင်လာသည်နှင့်အမျှ ပါဝင်ဆောင်ရွက်လိုသူများလည်း တိုးပွားလာမှာဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာ့နိုင်ငံအများအပြားမှာ သဘာဝပတ်ဝန်းကျင်ပျက်ယွင်းမှုများကြောင့် ဘေးအန္တရာယ်များ ကြုံတွေ့ခံစားနေကြရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ကမ္ဘာ့မိသားစုအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း

ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြ…
ရှိပါကြောင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီ…
လုပ်ရပ်များကိုရှောင်ရှားပြီး ထိန်းသိ…
အစီအမံများကို အလေးအနက်ထား၍ …
ပေးကြရန်လိုပါကြောင်း၊ သစ်တောပြုန်း…
ထင်းခုတ်၍ တောပြုန်းမှု ကာကွယ်နိုင်စေ…
များတွင် ဆောင်ရွက်ကြသည့် ကျေးလ…
အောင်မြင်ရေး စနစ်တကျ ကြီးကြပ်သွား…

ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်…
ပြည်သူ့လွှတ်တော်သို့ တင်သွင်း၍ အတည…
ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရပ်ကွက်…
အုပ်ချုပ်ရေးမှူးများသည် နိုင်ငံတော်၏…
တွင် အခြေခံအဆင့်ဖြစ်ပြီး ပြည်သူ…
ဆက်ဆံနေကြရသူများဖြစ်ပါကြောင်း၊ ဥ…
ရပ်ကျိုး၊ ရွာကျိုး၊ အများအကျိုး သယ်ပိုး…
ရပ်ရွာအတွင်း အကျင့်စာရိတ္တကောင်းမွ…
ရှိသူများကို မှန်မှန်ကန်ကန် ရွေးချယ်ပေး…

နိုင်ငံချုပ်အနေဖြင့် နိုင်ငံတော်ကြီးကို …
သည့် နိုင်ငံတော်အဖြစ်တည်ဆောက်ရေး၊…
အေးချမ်းရေးနှင့် အခွန့်ရှည်တည်တံ့…
နိုင်ငံတော်အစိုးရနှင့်အတူတကွ ပူးပေါ…
လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ရွှေသံလွင်ကုမ္ပဏီက…
အဖွဲ့ရုံး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦ…
မြို့နယ်ပြည်သူ့ဆေးရုံ၊ ပွေးလှတိုက်နယ်…
အမှတ်(၁)အခြေခံပညာ အထက်တန်း…
အမှတ်(၂)အခြေခံပညာအထက်တန်းကျေ…
ပညာအထက်တန်းကျောင်း(ခွဲ)၊ ကျုံးအခြေ…
ကျောင်း(ခွဲ)၊ ဝါးပြား တွဲဖက်အခြေ…
ကျောင်း၊ မိုင်းအင် တွဲဖက်အခြေခံပညာ…
ပင်းတယမြို့ အမှတ်(၁)အခြေခံပညာ…
ပင်းတယမြို့ အမှတ်(၅)အခြေခံပညာ…
တမဲကျေးရွာနှင့်ပင်းတယမြို့ ရွှေဥမင်သ…
ဂေါပကအဖွဲ့တို့အတွက် Sky Net ရုပ်သံ…
နှင့် DTH ရုပ်သံလိုင်းများ)ကို ပေးအပ်…
ရှိသူများက လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတ…
တက်ရောက်လာကြသူများအား ရင်…
နှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်…
မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ…
နှင့် ဆရာဝန်၊ သူနာပြုများက ကြိုဆိုကြ…

ယင်းနောက် ဒုတိယသမ္မတသ…
လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးပဒေ…
ကို ပေးအပ်လှူဒါန်းရာ ခေတ္တဆေးရုံအုပ်…

ဆက်လက်၍ ဒုတိယသမ္မတနှ…
ပင်းတယမြို့ အမှတ်(၁)အခြေခံပညာအ…
ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီး…
များက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတက ဆ…
ရင်းရင်းနှီးနှီးနှုတ်ဆက်၍ နှစ်စဉ်…
ကျောင်းသားဦးရေနှင့်အညီ စာသင်ခ…
ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျော…
ကိစ္စများကို နိုင်နိုင်နင်းနင်း ဆောင်ရွက်နို…
အင်အားလျာထား၍ လိုအပ်သည့် Ma…
ရေး၊ ကျောင်းမြေအကျယ်အဝန်းအနေ…
ဆောင်များအတွက်သာမက ကျောင်းအ…
ထည့်သွင်းတည်ဆောက်နိုင်သည့် မြေအ…
ဘာသာရပ်သင်ဆရာများ ပြည့်ပြည့်စုံစုံရရှိ…
တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသ…
ကျောင်းသူများ ပညာသင်ယူနေမှုကို …
အလှူငွေများကို ပေးအပ်လှူဒါန်းရာ ကျေ…
က လက်ခံသည်။

ယင်းနောက် ဒုတိယသမ္မတနှ…
ပင်းတယမြို့မှ မော်တော်ယာဉ်များဖြင့် ထွ…
တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ…

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ပင်းတယမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

✳ စာမျက်နှာ ၇ မှ

သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများတွင်လည်း ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များ ဖွဲ့ပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ထိုအဖွဲ့နှင့် ညှိနှိုင်း၍ မည်သည့်ရွာတွင် တပ်သင့်သည်ဆိုသည်ကို ရွေး၍ တင်ကြရန်ဖြစ်ကြောင်း၊ ယင်းရွာများအတွက် DTH စက်(၁၀)လုံး တပ်ဆင်ပေးမည်ဖြစ်ပါကြောင်း၊ ထို DTH စက်(၁၀)လုံး၊ စလောင်းနှင့် လိုအပ်သည်များ ပံ့ပိုးပေးလိုက်ပြီးနောက် ထိုကျေးရွာများရှိ တီဗွီနှင့် ဆက်စပ်လိုက်ပါက ဂြိုဟ်တုမှ ထုတ်လွှင့်လိုက်သည့် မြန်မာ့ရုပ်မြင်သံကြား၊ MI ၊Channel-4 နှင့် ကျန် Free to Air ထုတ်လွှင့်မှု အားလုံးကို ဖမ်းယူရရှိမည်ဖြစ်ပါကြောင်း။

အကောင်းဆုံးမှာ ယနေ့ရွာတိုင်းရွာတိုင်းတွင် ကျေးရွာစာကြည့်တိုက်များ ကြိုးပမ်းထူထောင်နေပြီဖြစ်သည့်အလျောက် DTH ကို ထိုစာကြည့်တိုက်များတွင် တပ်ဆင်ခြင်းအားဖြင့် ရွာသူရွာသားအားလုံး ကြည့်ရှုနိုင်ကြမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ရုပ်မြင်သံကြားကဲ့သို့ပင် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိဗဟုသုတရရှိရေးအတွက် လွန်စွာအထောက်အကူပြုသော စာကြည့်တိုက်များကိုလည်း ပလက်ဝမြို့နယ်အတွက် (၂)လုံး ကူညီဆောင်ရွက်သွားရန် လျာထားပါကြောင်း၊ ထို့ကြောင့် ယင်းစာကြည့်တိုက်(၂)လုံးနှင့် DTH စက်(၁၀)လုံးအတွက် သက်ဆိုင်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးမှ ဦးစီးဆောင်ရွက်နေသည့် အဖွဲ့နှင့် ညှိနှိုင်းကြရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ပလက်ဝမြို့နယ်သူ မြို့နယ်သားများ ရုပ်မြင်သံကြားကြည့်ရှုနိုင်ရေးအတွက် ပလက်ဝရှိ ထပ်ဆင့်လွှင့် စက်အသစ်မှသော်လည်းကောင်း၊ DTH ကသော်လည်းကောင်း ဖမ်းယူနိုင်ပါကြောင်း၊ ၎င်းအပြင် မိမိတို့ပံ့ပိုးပေးမည့် DTH စက်များနှင့် စာကြည့်တိုက်များကိုအခြေခံ၍ ဆောင်ရွက်သွားမည်ဆိုပါက ဦးဌေ့ယိန်းလိုလားသည့် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် မလွဲမသွေရရှိလာမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကို၏ **"နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နေထိုင်လျက်ရှိသော နာဂတိုင်းရင်းသားများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် စီမံချက်ချ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ယနေ့နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်၊ ပြည်သူတစ်ရပ်လုံး အမျိုးသားတစ်ရပ်လုံး၏ ရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်ရန်ဖြစ်ပါကြောင်း၊ ယင်းရည်မှန်းချက်ကိုကြည့်လျှင် အဓိကအချက်(၃) ချက်ပါဝင်ပါကြောင်း၊ ယင်းတို့မှာ **ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဥပဒေနှင့်အညီ လွတ်လွတ်လပ်လပ် နေထိုင်လုပ်ကိုင် ပြောဆိုရေးသားနိုင်သည့် ဒီမိုကရေစီအခွင့်အရေး စသည့် (၃)ချက်ဖြစ်ပါကြောင်း၊ ဤ(၃)ချက်သည် ယနေ့ပြည်သူတိုင်း လိုချင်နေသည့် အလိုလားဆုံးအချက်များဖြစ်ပါကြောင်း၊ ထို့ကြောင့် ဤသည်ကို ပြည်သူအားလုံးက အမျိုးသားရေးတာဝန်၊ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်အဖြစ် ချမှတ်ပြီးနောက် ယနေ့ပြည်သူများ ရွေးချယ်တင်မြှောက်ပေးလိုက်သည့် သမ္မတကြီးဦးစီးသည့်အစိုးရနှင့် လွှတ်တော်အသီးသီးက ကြိုးပမ်းတည်ဆောက်လျက်ရှိပါကြောင်း၊ ထိုသို့ ကြိုးပမ်းတည်ဆောက်ရာတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်မှုများ၊ ဖွံ့ဖြိုးတိုးတက်တည်ဆောက်ပေးမှုများ၊ ဒီမိုကရေစီဖော်ဆောင်ပေးမှုများ အားလုံးအကျုံးဝင်နေပါကြောင်း၊ ယင်းတို့အနက် တိုင်းရင်းသားများ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် နာဂဒေသအပါအဝင် မိမိတို့တစ်နိုင်ငံလုံးအတွက် စီမံချက်များ ချမှတ်ထားပြီး ဖြစ်ပါကြောင်း။**

ထိုကျေးလက်ပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးစီမံချက်ကို ရေးဆွဲချမှတ်နိုင်ရန်အတွက် ပြီးခဲ့သည့် မေလ ၂၀ ရက်နေ့တွင် Work Shop များ ဆောင်ရွက်ကာ အားလုံးနှင့်ညှိနှိုင်းတိုင်ပင်ပြီး နည်းလမ်းများရှာခဲ့ပါကြောင်း၊ ထိုမှရရှိလာသည့် နည်းလမ်းများအရ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းကာ ဇွန်လ ၂၀ ရက်နေ့၌ သမ္မတကြီးက ယင်းလုပ်ငန်းအဖွဲ့များကို အတည်ပြုလျက် လုပ်ငန်းတာဝန်များ ခွဲပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးစီမံချက်သည် နာဂဒေသအပါအဝင် တစ်နိုင်ငံလုံးအတွက် စီမံချက်ဖြစ်ပါကြောင်း။

အဆိုပါစီမံချက်အရ ကော်မတီ(၈)ခု ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဦးမြတ်ကိုဆွေးနွေးသွားသည့် ရွှေ့ပြောင်းတောင်ယာ၊ လှေကားထစ်တောင်ယာ၊ အခြေချတောင်ယာ၊ နှစ်ရှည်သီးနှံဖြစ်သည့် ကော်ဖီ၊ လက်ဖက်၊ ရော်ဘာ၊ သစ်မွှေးစိုက်ပျိုးရေးကိစ္စများကို လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီနှင့် အသေးစိတ်ညှိနှိုင်း လုပ်ဆောင်သွားနိုင်ပါကြောင်း၊ ယင်းကော်မတီကလည်း တစ်နိုင်ငံလုံးအနှံ့ကို တတ်နိုင်သရွေ့ ကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း၊ နွားနောက်မွေးမြူရေးကိစ္စအတွက်ကိုလည်း ယင်းကျေးလက်ဒေသ ကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီနှင့် ညှိနှိုင်း၍ လုပ်ငန်းများဆောင်ရွက်သွားနိုင်ပါကြောင်း၊ အလားတူ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်မှု လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း သက်ဆိုင်ရာကော်မတီများနှင့် ဆက်စပ်လုပ်ဆောင်နိုင်ပါကြောင်း။

ကျေးလက်လူမှု ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီဆိုင်ရာများနှင့် ပတ်သက်၍မူ မိမိနှင့် ဆက်စပ်ဆောင်ရွက်နိုင်ပါကြောင်း၊ မိမိတို့လုပ်ငန်းတွင် ပညာရေးနယ်ပယ်၊ ကျန်းမာရေးနယ်ပယ်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်၊ လမ်းပန်းဆက်သွယ်ရေးနယ်ပယ်၊ ဆက်သွယ်ရေးနယ်ပယ်၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနယ်ပယ် စသည်ဖြင့် နယ်ပယ်(၆)ရပ် ပါဝင်ပါကြောင်း၊ **လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၃) မြို့နယ်အတွက် တစ်မြို့နယ်(၅)လုံးနှုန်းဖြင့် DTH (၁၅)လုံး လှူဒါန်းပေးမည်ဖြစ်ပါကြောင်း၊ ထို့ပြင် တစ်မြို့နယ်လျှင် ကျေးရွာစာကြည့်တိုက် တစ်တိုက်နှုန်းဖြင့် (၃)တိုက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ စာကြည့်တိုက် တည်ဆောက်မည့်နေရာနှင့် DTH စက်များ တပ်မည့်နေရာများကိုမူ အောက်ခြေကော်မတီများက ဆောင်ရွက်မည်ဖြစ်ရာ ထိုကော်မတီများနှင့် ဆက်စပ်ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း။**

လမ်းပန်းဆက်သွယ်ရေးကိစ္စနှင့် ပတ်သက်၍ နာဂဒေသတွင် အဓိက လမ်းမကြီး(၅)ခု ရှိပါကြောင်း၊ ပြည်ထောင်စုလမ်းမကြီးနှင့် ဆက်စပ်နေသည့်အတွက် ဆက်လက်ဆောင်ရွက်သွားရန်ရှိသည်ဟု သက်ဆိုင်ရာဝန်ကြီးက ဖြေကြားခဲ့ပြီးဖြစ်ပါကြောင်း။

ကျေးရွာများတွင် လျှပ်စစ်မီးလင်းရေးကိစ္စတွင်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်း(၈)ရပ်ထဲတွင် ပါရှိပြီးသားဖြစ်ပါကြောင်း၊ မိမိတို့ဒေသတွင် ရေအားလျှပ်စစ် အသေးစား၊ အငယ်စားလေးများ တပ်ဆင်ထုတ်လုပ်ရန် လိုအပ်လာပါက ၎င်းကော်မတီနှင့် ဆက်စပ်ညှိနှိုင်းပြီး ဆောင်ရွက်ရနိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေက **"မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ စတော့ဈေးကွက်တစ်ခု (Establishment of Stock Market) ထူထောင်နိုင်ရန်အတွက် လိုအပ်သည်များကို ယခုအချိန်မှ အစပျိုး၍ စီစဉ်ဆောင်ရွက်ထားသင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီးစိုးဟိန်းနောင်က **"မြန်မာစာရေးထုံးများနှင့် ပတ်သက်၍ ထိန်းသိမ်းကြပ်မတ်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေက **"ပညာရေးဝန်ထမ်းဘဝ မြှင့်တင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"**အဆိုနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေက **"တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ နဘုလယ်ရွာ၌ (ထားဝယ်)ရေနက်ဆိပ်ကမ်းပြုလုပ်ရာတွင် သမိုင်းဝင်နေရာများကို မပျက်စီးမထိခိုက်ရန် ထိန်းသိမ်း၍ စနစ်တကျ သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုတို့ကို တင်သွင်းကြရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီက ထောက်ခံပြီး ယင်းအဆိုများကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

ယင်းနောက် ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၄)ရက်မြောက်နေ့ကို ညနေ ၂ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်ပြီး အစည်းအဝေး(၁၅)ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၉ ရက် (သောကြာနေ့)နံနက် ၁၀ နာရီခွဲတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်း(၈)ခုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ အဆိုသစ်(၄)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နဝမအကြိမ်မြောက်…
ရှေးဦးပြုစုခြင်း…

နေပြည်တော် စက်တင်ဘာ ၈

၂၀၁၁ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့…
ဆောင်ပုဒ်ဖြစ်သည့် "အားလုံးအတွက်…
သာ ရှေးဦးပြုစုခြင်းပညာ" "First Aid
for All" အညီ မြန်မာနိုင်ငံတစ်ဝန်းလုံး
ရှိ ကြက်ခြေနီစေတနာ လုပ်အားရှင်များ
အနေဖြင့် လူမှုကရုဏာလုပ်ငန်းများ
လုပ်ဆောင်ရာတွင် ရှေးဦးပြုစုခြင်း
ဆိုင်ရာ အရည်အသွေးများ ပိုမိုမြင့်မား
လာစေရန်၊ မြန်မာနိုင်ငံ ကြက်ခြေနီ
အသင်းရှိ ကြက်ခြေနီစေတနာလုပ်အား

ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းစေနိုင်သည့် လုပ်ရပ်များကိုရှောင်ရှားပြီး ထိန်းသိမ်းစောင့်ရှောက်ရေး အစီအမံများကို အလေးအနက်ထား၍ ပူးပေါင်းဆောင်ရွက်ပေးကြရန်လိုပါကြောင်း၊ သစ်တောပြုန်းတီးမှုကာကွယ်စေရန်၊ ထင်းခုတ်၍ တောပြုန်းမှု ကာကွယ်နိုင်စေရန်၊ ကျေးလက်ဒေသများတွင် ဆောင်ရွက်ကြသည့် ကျေးလက်ထင်းစိုက်ခင်းများ အောင်မြင်ရေး စနစ်တကျ ကြိုးကြပ်သွားကြရန် လိုပါကြောင်း။

ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ တင်သွင်း၍ အတည်ပြုပြဋ္ဌာန်း နိုင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားတွင် အခြေခံအဆင့်ဖြစ်ပြီး ပြည်သူနှင့်အနီးကပ်ထိတွေ့ဆက်ဆံနေကြရသူများဖြစ်ပါကြောင်း၊ ဥပဒေ အတည်ပြုပါက ရပ်ကျိုး၊ ရွာကျိုး၊ အများအကျိုး သယ်ပိုးဆောင်ရွက်လိုသူများ၊ ရပ်ရွာအတွင်း အကျင့်စာရိတ္တကောင်းမွန်ပြီး ဩဇာတိက္ကမ ရှိသူများကို မှန်မှန်ကန်ကန် ရွေးချယ်ပေးစေလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ်တည်ဆောက်ရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ရွှေသံလွင်ကုမ္ပဏီက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး၊ ပင်းတယမြို့နယ်ပြည်သူ့ဆေးရုံ၊ ပွေးလှတိုက်နယ်ဆေးရုံ၊ ပင်းတယမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ ပင်းတယမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ပွေးလှအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကျုံးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ဝါးပြား တွဲဖက်အခြေခံပညာအထက်တန်းကျောင်း၊ မိုင်းအင် တွဲဖက်အခြေခံပညာအထက်တန်းကျောင်း၊ ပင်းတယမြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၊ ပင်းတယမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ တမဲကျေးရွာနှင့်ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားဂေါပကအဖွဲ့တို့အတွက် Sky Net ရုပ်သံဖမ်းစက်များ (MPS နှင့် DTH ရုပ်သံလိုင်းများ)ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ခေတ္တဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ သူနာပြုများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ခေတ္တဆေးရုံအုပ်ကြီးက လက်ခံသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပင်းတယမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတက ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ နှစ်စဉ် တိုးတက်လာသည့် ကျောင်းသားဦးရေနှင့်အညီ စာသင်ခန်းများ တိုးချဲ့ရာ၌ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်း၏ အုပ်ချုပ်၊ စီမံကိစ္စများကို နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်သည့် ကျောင်းသားအင်အားလျာထား၍ လိုအပ်သည့် Master Plan ရေးဆွဲရေး၊ ကျောင်းမြေအကျယ်အဝန်းအနေဖြင့်လည်း စာသင်ဆောင်များအတွက်သာမက ကျောင်းအားကစားကွင်းများပါ ထည့်သွင်းတည်ဆောက်နိုင်သည့် မြေအကျယ်အဝန်းရရှိရေး၊ ဘာသာရပ်သင်ဆရာများ ပြည့်ပြည့်စုံစုံရရှိရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှုကို ကြည့်ရှုအားပေးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပင်းတယမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း

ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားအား ဖူးမြော်ကြည်ညို

နေပြည်တော် စက်တင်ဘာ ၈

ရှမ်းပြည်နယ် ပင်းတယမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် စက်တင်ဘာ ၇ ရက် နံနက် ၇ နာရီခွဲတွင် ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ကပ်လှူပူဇော်

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးတို့သည် လိုဏ်ဂူတော်အတွင်းရှိ ဆုတောင်းပြည့်စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးတို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ကန်တော့ကြပြီး စေတီတော်အား ရွှေသင်္ကန်းကပ်လှူပူဇော်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ရွှေဥမင်သဘာဝလိုဏ်ဂူတော်အတွင်း ဗုဒ္ဓရုပ်ပွားတော်များနှင့် စေတီတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များက လှူဒါန်းသော အလှူတော်ငွေများကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်တို့က ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူတော်အတွင်း ဗုဒ္ဓရုပ်ပွားတော်များနှင့် စေတီတော်များအား လှည့်လည်ကြည်ညိုကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၉

စက်တင်ဘာ ၉ ရက်တွင် ကျရောက်သော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပတ်ယွီချွမ်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် စက်တင်ဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား စင်ကာပူသမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၈

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား စင်ကာပူသမ္မတနိုင်ငံ အခြေစိုက် City Neon Holding Limited မှ C.E.O Mr. Ko Chee Wah ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များအလိုက် နည်းပညာ၊ အတတ်ပညာပိုင်းဆိုင်ရာများ၊ Facilities and Equipments ပိုင်းဆိုင်ရာနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်တင်းဝန်ဆောင်မှုပေးနိုင်ရေးကိစ္စရပ်များအား ကဏ္ဍအလိုက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား စင်ကာပူသမ္မတနိုင်ငံ အခြေစိုက် City Neon Holding Limited မှ C.E.O Mr. Ko Chee Wah ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နဝမအကြိမ်မြောက် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲများ ဖွင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၈

၂၀၁၁ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ ဆောင်ပုဒ်ဖြစ်သည့် "အားလုံးအတွက်သာ ရှေးဦးပြုစုခြင်းပညာ" "First Aid for All" အညီ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကြက်ခြေနီစေတနာ လုပ်အားရှင်များအနေဖြင့် လူမှုကရုဏာလုပ်ငန်းများ လုပ်ဆောင်ရာတွင် ရှေးဦးပြုစုခြင်းဆိုင်ရာ အရည်အသွေးများ ပိုမိုမြင့်မားလာစေရန်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းရှိ ကြက်ခြေနီစေတနာလုပ်အားရှင်များ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့တွင် ကြက်ခြေနီလှုပ်ရှားမှုများကို တစ်ပြေးညီ ဆောင်ရွက်နိုင်စေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကြက်ခြေနီစေတနာရှင် လုပ်အားရှင်များအချင်းချင်း ချစ်ခင်ရင်းနှီးမှုရရှိပြီး စွမ်းရည်များ ဖလှယ်နိုင်စေရန်နှင့် ပြိုင်ပွဲများမှရရှိသော အတွေ့အကြုံများဖြင့် သဘာဝဘေးအန္တရာယ်များတွင် ထိခိုက်ဒဏ်ရာ ရရှိမှုများ အပါအဝင် ထိခိုက်ဒဏ်ရာရရှိမှုများကို ထိရောက်ကျွမ်းကျင်စွာ ပြုစုပေးနိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသည့် နဝမအကြိမ်မြောက် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ (၂၀၁၁) အထိမ်းအမှတ် ရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အမှုဆောင်ညွှန်ကြားရေးမှူး မြန်မာနိုင်ငံ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူးချုပ် ဦးခင်မောင်လှက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်နေကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ ရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲတွင် ရှေးဦးပြုစုခြင်းဆိုင်ရာ ဖြစ်ရပ်မှန်စာမူပြိုင်ပွဲနှင့် ရှေးဦးသူနာပြုစွမ်းရည်ပြိုင်ပွဲတို့ ပါဝင်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကြက်ခြေနီအသင်း တပ်ဖွဲ့ဝင် ၇၈ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို စက်တင်ဘာ ၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

အထူးကုဆရာဝန်ကြီးများအဖွဲ့ ပုလဲမြို့နယ်အတွင်း ကွင်းဆင်းကုသ

နေပြည်တော် စက်တင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်တို့သည် ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ကျင်းပသည့် ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်ကုသပေးမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါကျန်းမာရေး စောင့်ရှောက်ကုသမှုအဖွဲ့တွင် မုံရွာပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွန်းဦးဆောင်သော အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်း ၃၆ ဦးတို့က ကလေးသားဖွားမီးယပ်ဌာန၊ အရိုးအကြောခွဲစိတ်ဌာန၊ မျက်စိ၊ သွားနှင့်ခံတွင်းဌာန၊ နား၊ နှာခေါင်း၊ လည်ချောင်းဌာန၊ အထွေထွေရောဂါကုဌာန စသည့်ဌာနရှစ်ခုခွဲ၍ ကျေးရွာပေါင်း ၅၁ ရွာမှ လူနာပေါင်း ၁၀၃၉ ဦးကို ကျန်းမာရေးစောင့်ရှောက်ကုသပေးခဲ့သည်။

(သတင်းစဉ်)

❍ ကျောဖုံးမှ

ဆွေးနွေးပွဲအပြီးတွင် 'ဝ' ဒေသနှင့် ဆက်စပ်နယ်မြေများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများ ပူးပေါင်းဆောင်ရွက်ရန်အတွက် ပဏာမသဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြပြီး ပြည်ထောင်စုအစိုးရက ဖွဲ့စည်းမည့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့နှင့် 'ဝ' အထူးဒေသ(၂) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ပဏာမ ငြိမ်းချမ်းရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

✳ ရှမ်းပြည်နယ်မှ

ဆွေးနွေးပွဲအပြီးတွင် မိုင်းလားအထူးဒေသ(၄)နယ်မြေအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများ ပူးပေါင်းဆောင်ရွက်ရန်အတွက် ပဏာမ သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြပြီး ပြည်ထောင်စုအစိုးရက ဖွဲ့စည်းမည့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ဆက်လက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် မိုင်းလားအထူးဒေသ(၄) ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ပဏာမ ငြိမ်းချမ်းရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

ဘဏ်အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်

နေပြည်တော် စက်တင်ဘာ ၈

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်အတွက် ဘဏ်အတိုးနှုန်းများ ပြန်လည်ပြင်ဆင်သတ်မှတ်ရန် လိုအပ်လာသဖြင့် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ ဘဏ်အတိုးနှုန်းများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်ကြောင်း သိရှိရသည်-

(က) ဘဏ်အပ်ငွေများအတွက် အတိုးနှုန်းကို အပ်ငွေအမျိုးအစားအလိုက် ၁၀ ရာခိုင်နှုန်းထက်မနည်း၊ ၁၂ ရာခိုင်နှုန်းထက် မများစေရန်။

(ခ) ဘဏ်ချေးငွေများအတွက် အတိုးနှုန်းကို ချေးငွေအမျိုးအစားအလိုက် ၁၅ ရာခိုင်နှုန်းထက် မများစေရန်။

ချေးငွေများအပေါ်တွင် တောင်းခံနိုင်သည့် အမြင့်ဆုံးအတိုးနှုန်းကို ယခင် ၁၇ ရာခိုင်နှုန်းမှ ယခု ၁၅ ရာခိုင်နှုန်းသို့ လျှော့ချပေးခြင်းကြောင့် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လိုသူ လုပ်ငန်းရှင်များအနေဖြင့် ယခင်ကထက် အတိုးနှုန်း သက်သာစွာဖြင့် ချေးယူနိုင်မည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ပင်လယ်နယ်နိမိတ် သတ်မှတ်ရေးအတွက် ပင်လယ်ဥပဒေဆိုင်ရာ အပြည်ပြည်ဆိုင်ရာ တရားရုံး၌ အမှုကြားနာစစ်ဆေးမှုများ စတင်ပြုလုပ်ရန်ရှိ

နေပြည်တော် စက်တင်ဘာ ၈

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဖြစ်ပွားနေသော ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးအမှုနှင့် စပ်လျဉ်း၍ ဥပဒေကြောင်းအရ ဖြေရှင်းလိုကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က ၂၀၀၉ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် စတင်၍ အဆိုပြုတောင်းဆိုခဲ့ပြီး ၎င်းပင်လယ်နယ်နိမိတ် သတ်မှတ်ရေးကိစ္စအပေါ် ရေရှည်တည်တံ့ခိုင်မြဲမည့် နှစ်ဖက်မျှတသော ဖြေရှင်းမှုရရှိစေရန် နှစ်နိုင်ငံချစ်ကြည်ရေးကို ထောက်ရှုလျက် ဥပဒေအရ ဖြေရှင်းရန် မြန်မာနိုင်ငံဘက်က သဘောတူလက်ခံခဲ့သည်။

သို့ဖြစ်၍ နှစ်နိုင်ငံ ပင်လယ်နယ်နိမိတ်သတ်မှတ်ရေးကိစ္စအား ပင်လယ်ဥပဒေဆိုင်ရာ အပြည်ပြည်ဆိုင်ရာ တရားရုံးသို့ တင်သွင်းဖြေရှင်းရန် သဘောတူညီခဲ့ကြပြီး တရားရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ကြရာ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၂၄ ရက်အထိ ပင်လယ်ဥပဒေဆိုင်ရာ အပြည်ပြည်ဆိုင်ရာတရားရုံး တည်ရှိရာ ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့၌ တရားသူကြီး ၂၁ ဦး၏ ရှေ့မှောက်တွင် အမှုကြားနာစစ်ဆေးမှုများ စတင်ပြုလုပ်ရန်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၉-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၅	၇။	ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၈း၂၅	၈။	၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [အခြေခံပညာ(၁၀-၁၅) အဆင့်] (အမျိုးသမီး)
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၃း၃၀	၁။	Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် ထုတ်လွှင့်မှုအစီအစဉ် (မကွေးအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း)
၅း၀၀	၂။	တေးဂီတအစီအစဉ်
၅း၁၅	၃။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅း၂၀	၄။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၅	၅။	၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [အခြေခံပညာ(၅-၁၀) အဆင့်] (အမျိုးသား)
၅း၃၅	၆။	ရိုးသားဖြူစင်ကလေးတို့အသွင်
၆း၀၀	၇။	ညနေခင်းသတင်း
၆း၁၅	၈။	မိုးလေဝသအခြေအနေ
၆း၂၀	၉။	ရသစုံလင်အင်တာနက်ဥယျာဉ်
၇း၀၀	၁၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ကြံကြံဖန်ဖန်အမွေဆိုင်" (အပိုင်း-၂၆)**
၈း၀၀	၁၁။	ပြည်တွင်းသတင်း
	၁၂။	နိုင်ငံတကာသတင်းများ
	၁၃။	မိုးလေဝသအခြေအနေ
	၁၄။	(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "ပြဇာတ်ဘာသာရပ်ဆိုင်ရာ အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း"
	၁၅။	လျှပ်တစ်ပြက်ဟာသများ
	၁၆။	"ပိုင်-မောင်း-ရောင်း ဘသောင်း" နေရှိုင်း၊ ကျော်ဇေယျ၊ ဆူရွှန်းလဲ့) (ဒါရိုက်တာ-မျိုးဇော်အောင်)
	၁၇။	သီချင်းချစ်သူ (A နွှန်)
	၁၈။	အစီအစဉ်ပြီး၏။

ဗီယက်နမ်ဂိုးပြတ်နိုင်ပြီး လာအိုနှင့်အင်ဒိုနီးရှား သရေကျ

ရန်ကုန် စက်တင်ဘာ ၈

အာဆီယံယူ-၁၉ ဘောလုံးပြိုင်ပွဲအုပ်စု (ခ)ပထမနေ့ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲမှစ၍ သုဝဏ္ဏကွင်း၌ စတင်ကျင်းပရာ ဗီယက်နမ်အသင်း ဂိုးပြတ်အနိုင်ရပြီး လာအိုအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ သရေကျသွားသည်။

(ပထမပွဲ)

လာအို - သုံးဂိုး

အင်ဒိုနီးရှား - သုံးဂိုး

မိနစ် ၈၀ အထိ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ လာအိုတို့ ပွဲဦးထွက် သုံးမှတ် အပြည့်ရရန် အခွင့်အလမ်းကောင်းများ ပိုင်ဆိုင်ခဲ့သော်လည်း ကိုးမိနစ်အတွင်း ချေပဂိုးနှစ်ဂိုးပြန်ပေးရကာ သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

(ဒုတိယပွဲ)

ဗီယက်နမ် - ခုနစ်ဂိုး

ဘရူနိုင်း - ဂိုးမရှိ

သတင်းမှတ်စုနှင့် ဓာတ်ပုံ

ရှိုင်းထက်ဇော်

အင်ဒိုနီးရှား အသင်းအတွက် တတိယဂိုးကို ဆာပူထရိုက ဤသို့ သွင်းယူခဲ့သည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း မှန်ကန်မြန်ဆန်စွာ ဆောင်ရွက် ရည်မှန်းချက်တာဝန်များအောင်မြင်ရေး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းစိစစ်ကြီးကြပ်ရေး အဖွဲ့ဝင်များက ဒေသခံပြည်သူများအား ဖြေလျှော့ပေးသည့်စနစ်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေးလုပ်ငန်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေး၍ ဒေသခံပြည်သူများအား လုပ်ငန်းဆိုင်ရာ အခက်အခဲများကို မေးမြန်းဆွေးနွေးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် အိမ်ထောင်စု လူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးနေမှုများနှင့်ပြည်သူများအပိုင်းကလည်း ဥပဒေနှင့်အညီ သတိပြုလိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။**(အောက်ယာပုံ)**

ယင်းနောက် ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီး ဦးစီးဌာနမှူးက သက်ဆိုင်ရာပြည်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မိတ္ထီလာခရိုင်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံ၍ မိမိတို့ ယခုဆောင်ရွက်နေသည့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သတ်မှတ်နှုန်းထားဖြင့် သတ်မှတ်ကာလအတွင်း လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရာတွင် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ကြရန်၊ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းရန်၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့်ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်ရှင်းလင်းမှာကြားသည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် ရန်အောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေး၍ ကျေးရွာသူ၊ ကျေးရွာသားများအား လုပ်ငန်းဆိုင်ရာ အခက်အခဲများကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးဌေးလှိုင်က သက်ဆိုင်ရာ ပြည်သူများကိုယ်စားတာဝန်ရှိသူများထံ ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ၏ သင်ခန်းစာပို့ချနေမှုများ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၈

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် စက်တင်ဘာ ၆ ရက် နံနက် ၈ နာရီတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကြီးကြပ်၍ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (တောင်ကြီးဇုန်)၏ ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့ရှိ ဟူပင်ဟိုတယ်၌ ဖွင့်လှစ်လျက်ရှိသော ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ အမှတ်စဉ်(၃/၂၀၁၁)၏ သင်ခန်းစာပို့ချနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဟူပင်ဟိုတယ်၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း လေးမျိုးအဖြစ် ဟိုတယ်ဧည့်ကြိုလုပ်ငန်းသင်တန်း၊ ဟိုတယ်အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်းနှင့် အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ရေးသင်တန်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိပြီး တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယ၊ သီပေါ၊ အောင်ပန်း၊ ရွှေညောင်ဒေသများရှိ ဟိုတယ်များမှ ဟိုတယ်ဝန်ထမ်း သင်တန်းသား၊ သင်တန်းသူ ၁၉၉ ဦး တက်ရောက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဟူပင်ဟိုတယ် ဧည့်ခန်းမ၌ တောင်ကြီးဒေသနှင့် အင်းလေးဒေသတို့မှ ဟိုတယ်လုပ်ငန်းရှင်များအား တွေ့ဆုံပြီး ဟိုတယ်ဝန်ဆောင်မှုများ အဆင့်အတန်းမြင့်မားလာစေရေးနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနက စီမံချက်များ ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် (၈/မြောက်)ရပ်ကွက် လေးဒေါင့်ကန်လမ်း အမှတ်(၇၂)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၈-၉-၂၀၁၁ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့် နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

အမျိုးသားဒီမိုကရေစီပါတီသစ်
(NEW NATIONAL DEMOCRACY PARTY)၏
အလံပုံစံ

အမျိုးသားဒီမိုကရေစီပါတီသစ်
(NEW NATIONAL DEMOCRACY PARTY)၏
တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးအတူး[ဦးစီးအရာရှိ (ငြိမ်း)၊
ဆည်မြောင်းဦးစီးဌာန]-ဒေါ်စန်းစန်းဝင်းတို့၏ သားကြီး
မောင်ထွန်းနေဝင်း
B.A(BM) Dip in Computer Artist.
Director (Via Myanmar Travels & Tours)
နှင့်
နေပြည်တော်နေ ဦးမျိုးရွှေ[ဥပဒေအရာရှိ- ငြိမ်း၊ ဥပဒေရေးရာ
ကျွမ်းကျင်သူ၊ မြန်မာ့မီးရထား]-ဒေါ်ကြည်ကြည်နွယ်
[ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန]တို့၏
တစ်ဦးတည်းသောသမီး
မယုဝေမျိုး
B.A(Eng;) Dip in Global English ဝန်ကြီးရုံး၊
ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ နေပြည်တော်
တို့သည် ၈-၉-၂၀၁၁ရက်တွင် Royal Garden ခန်းမ၌ နှစ်ဖက်သော
မိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့် မောင်ထွန်းနေဝင်း-မယုဝေမျိုး

နိုင်ငံတကာသတင်းများ **နိုင်ငံတကာသတင်းများ** **နိုင်ငံတကာသတင်းများ**

အီရန်၌ ဓာတုဗေဒပုံးတစ်လုံး ရှာဖွေတွေ့ နိုင်ငံတကာကျွမ်းကျင်သူများ စစ်ဆေးလျက်ရှိ

တီဟီရန် စက်တင်ဘာ ၈

အီရန်နိုင်ငံ အနောက်ပိုင်းရှိ ဆာဒက်မြို့၌ မပေါက်ကွဲဘဲ ကျန်ရှိနေသော ဓာတုဗေဒပုံးတစ်လုံးကို ဓာတုလက်နက်တားဆီး ကာကွယ်ရေးအဖွဲ့မှ ကျွမ်းကျင်မှုပညာရှင်များက စစ်ဆေးလျက်ရှိကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၈ ရက်တွင် ပြောကြားသည်။

ဆာဒက်မြို့၌ မြေအောက်နှစ်မီတာခန့်အနက်မှ ရှာဖွေတွေ့ရှိခဲ့ရသော အဆိုပါဓာတုဗေဒပုံးမှာ အလေးချိန် ကီလိုဂရမ် ၁၀၀ရှိပြီး လူ့အရေပြားကို စားစေနိုင်သော ဓာတ်ငွေ့ရည်ပါဝင်ကြောင်း၊ ဇူလိုင်လအတွင်း ယင်းပုံးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဓာတုလက်နက်ကွန်ဗင်းရှင်းအာဏာပိုင်အဖွဲ့၏ အတွင်းရေးမှူး ဟာဒီဖာဂျာဗန်းက ပြောကြားသည်။

အဆိုပါပုံးမှာ ၁၉၈၀ မှ ၁၉၈၈ ခုနှစ်အထိဖြစ်ပွားခဲ့သော အီရန်-အီရတ်စစ်ပွဲအတွင်း မပေါက်ကွဲဘဲ ကျန်ရှိနေသော ပုံးတစ်လုံးဖြစ်ကြောင်း၊ ယင်းပုံးအား စနက်တံဖြုတ်နိုင်မည့်နည်းလမ်းကို လေ့လာနိုင်ရန် နိုင်ငံတကာ ကျွမ်းကျင်သူပညာရှင်များကို အစိုးရက ဖိတ်ခေါ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အီရန်-အီရတ်စစ်ပွဲကာလအတွင်း ၁၉၈၇-ခုနှစ်၊ ဇွန် ၂၈ရက်တွင် ဆာဒက်မြို့၌ ပထမဆုံးအကြိမ် ဓာတုဗေဒပုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ယင်းကဲ့သို့ ဓာတုဗေဒပုံးဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် မြို့လူဦးရေ ၂၀၀၀၀ အနက် လေးပုံတစ်ပုံခန့်မှာ ယခုအချိန်အထိ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ခံစားနေရဆဲဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ ***အင်တာနက်။***

၂၁ ပေအရှည်ရှိ ရေငန်မိကျောင်းကြီး ဖိလစ်ပိုင်၌ အရှင်ဖမ်းဆီးရမိ

မနီလာ စက်တင်ဘာ ၈

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ၂၁ပေအရှည်ရှိရေငန်မိကျောင်းကြီးတစ်ကောင်ကို စက်တင်ဘာ ၆ ရက်က အရှင် ဖမ်းဆီးရမိကြောင်း ဒေသဆိုင်ရာ သတင်းများတွင် ဖော်ပြသည်။

အလွန်ကြီးမားလှသောယင်းမိကျောင်းသည် ဖိလစ်ပိုင်နိုင်ငံ အဂူဆန်ဒယ်ဆူးပြည်နယ် ဘူနာဝန်မြို့၌ ကျွဲတစ်ကောင်ကို ဖမ်းယူစားသောက်ခဲ့ပြီး လူတစ်ဦးကိုလည်း တိုက်ခိုက်ခဲ့သည်ဟုဆိုသည်။

ပေါင် ၂၃၇၀အလေးချိန်ရှိ မိကျောင်းကြီးကို ဒေသခံ ရွာသူရွာသားများနှင့် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ တာဝန်ရှိသူများက ခက်ခက်ခဲခဲ ဖမ်းဆီးခဲ့ရသည်။ ယင်းမိကျောင်းကြီးသည် အချုပ်အနှောင်မှ နှစ်ကြိမ်တိုင်တိုင် ရုန်းထွက်ခဲ့ကြောင်း၊ ထောင်ချောက်ဆင် ဖမ်းသူများကို ရန်မူတိုက်ခိုက်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဖမ်းဆီးရမိသော မိကျောင်းကြီးကို သဘာဝ အခြေခံခရီးသွားလုပ်ငန်းဥယျာဉ်၌ထားရှိကာ ကမ္ဘာလှည့် ခရီးသည်များကို ဆွဲဆောင်ရန် စီစဉ်ထားသည်။ ***အင်တာနက်။***

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ အရှင်ဖမ်းဆီးရမိသော ၂၁ ပေ အရှည်ရှိ မိကျောင်းကြီးကို တွေ့ရစဉ်။

အပ္ပမာဒေါ စ မေ့သု တော်မင်္ဂလ မုတ္တမံ = တရား၌ မမေ့လျော့ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၅ ဒသမ ၀၁ ရာခိုင်နှုန်းအထိ ရောက်ရှိလာခဲ့ပြီဖြစ် မြန်မာနိုင်ငံသည် အာရှနှင့် ပစိဖိတ်ဒေသအတွင်း စာတတ်မြောက်မှုနှုန်းထား မြင့်မားသောနိုင်ငံအဖြစ် ရပ်တည်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၈

၂၀၁၁ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (MICC) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ အမျိုးသားပညာရေးကော်မတီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံတော်သမ္မတရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ အဖွဲ့များနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌများနှင့် ပါမောက္ခချုပ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ မြို့နယ်ပညာရေးမှူးများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆုရရှိကြသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော် ကျည်တောင်ကန် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **"တို့အင်တို့အား"** သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်လိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဖြစ်ပေါ်လာပုံကို ပြန်ကြည့်လျှင် ၁၉၆၅ ခုနှစ် စက်တင်ဘာလအတွင်းက အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့ပညာရေးဝန်ကြီးများ၏ စာမတတ်မှုတိုက်ဖျက်ရေး အစည်းအဝေးကြီး စတင်ကျင်းပသောနေ့ဖြစ်သည့် စက်တင်ဘာ ၈ ရက်ကို "နိုင်ငံတကာ စာတတ်မြောက်ရေးနေ့"အဖြစ် သတ်မှတ်ပြီး ကမ္ဘာ့တစ်ဝန်း နှစ်စဉ်စာတတ်မြောက်ရေးအထိမ်း အမှတ်အခမ်းအနားကျင်းပကြရန် အဆိုပြုတင်ပြခဲ့ခြင်းဖြစ်ကြောင်း။

ယူနက်စကိုအဖွဲ့ကြီးသည် ၎င်း၏ ကနဦးလုပ်ငန်းစဉ်နှင့်အညီ စာတတ်မြောက်ရေးလုပ်ငန်းများတွင် နိုင်ငံတကာပြည်သူများ၏ အကြံဉာဏ်များ၊ စိတ်ပါဝင်စားမှုများနှင့် ပံ့ပိုးကူညီမှုများကို ရယူရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ၁၉၆၆ ခုနှစ်မှစပြီး နှစ်စဉ် "နိုင်ငံတကာစာတတ်မြောက်ရေးနေ့" အခမ်းအနားကို ကျင်းပလာခဲ့ကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၌လည်း ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ယူနက်စကိုအမျိုးသားကော်မရှင်တို့ ကြီးမှူးပြီး "နိုင်ငံတကာစာတတ်မြောက်ရေးနေ့" အခမ်းအနားများကို နှစ်စဉ်နိုင်ငံတော်အဆင့် ကျင်းပခဲ့ရာ ယခုအချိန်ထိဖြစ်ကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❑

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၁ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ ဒေါ်သင်းသင်းဦး(ရှမ်းမြသင်း) အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် 'ဝ' အထူးဒေသ(၂)မှ အဖွဲ့များ

ပဏာမငြိမ်းချမ်းရေး သဘောတူညီချက်များရရှိ သဘောတူညီချက်ကို နှစ်ဘက်လက်မှတ်ရေးထိုး

နေပြည်တော် စက်တင်ဘာ ၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် နိုင်ငံတော်အစိုးရသို့ ကမ်းလှမ်းလာသော 'ဝ' အထူးဒေသ (၂)အဖွဲ့နှင့် ရှမ်းပြည်နယ်အစိုးရမှ ဖွဲ့စည်းပေးသော ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် ကျိုင်းတုံမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ရှမ်းပြည်နယ် ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းမြင့်၊ ရှမ်းပြည်နယ် နယ်စပ်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖွံ့ဖြိုးရေးမှူး ဦးအောင်ကျော်မြင့်တို့ တက်ရောက်ခဲ့ကြပြီး 'ဝ' အထူးဒေသ(၂)အဖွဲ့မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင် ဗဟိုကော်မတီ ဦးကျောက်ကွမ်းအမ်းနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဗဟိုကော်မတီဝင် ဦးပေါက်ယူလျန်၊ ဗဟိုကော်မတီဝင် ဦးအောင်မြင့်တို့ တက်ရောက်ခဲ့ကြကြောင်းသိရှိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် မိုင်းလားအထူးဒေသ(၄)မှ အဖွဲ့များ

ပဏာမငြိမ်းချမ်းရေး သဘောတူညီချက်များရရှိ သဘောတူညီချက်ကို နှစ်ဘက်လက်မှတ်ရေးထိုး

နေပြည်တော် စက်တင်ဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်အရ ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် နိုင်ငံတော်အစိုးရသို့ ကမ်းလှမ်းလာသော မိုင်းလားအထူးဒေသ(၄)အဖွဲ့နှင့် ရှမ်းပြည်နယ်အစိုးရမှ ဖွဲ့စည်းပေးသော ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ကျိုင်းတုံမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ရှမ်းပြည်နယ် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ရှမ်းပြည်နယ် ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းမြင့်၊ ရှမ်းပြည်နယ် နယ်စပ်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖွံ့ဖြိုးရေးမှူး ဦးအောင်ကျော်မြင့်တို့တက်ရောက်ခဲ့ကြပြီး မိုင်းလားအထူးဒေသ(၄) အဖွဲ့မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင် အထူးဒေသ(၄) ဒုတိယဥက္ကဋ္ဌ ဦးစံပေနှင့် အဖွဲ့ဝင်များဖြစ်ကြသော အထွေထွေအတွင်းရေးမှူး ဦးအိုက်ရဲနဲလ၊ ဒုတိယစစ်ဦးစီးမှူး ဦးလမ်းအောင်၊ ဆက်ဆံရေးမှူး ဦးဇင်ခမ်းနော်တို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳